www.burmeseclassic.com


စာပေ

ကန်လေးရိုးက

ချောက်ချောက်ချားချားဝတ္ထု

# ဖွားလောကကြီး

## သာဓုခေါ်ပေးပါ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၆ရ၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၃၃၀ရ၁၁
၂၀၁၁ခုနှစ်၊ ဩဂုတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ထဝင်မြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၅၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရုံရှင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
သာဓုခေါ်ပေးပါ/ကန်လေးရိုးကဖွားလောက်ကြီး - ရန်ကုန်၊
ဂန္ထဝင်မြိုင်စာပေ၊ ၂၀၁၁။
၁၃၂-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) သာဓုခေါ်ပေးပါ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဤစာတော်လမ်းအား ဖုန်းဖြင့်တစ်နာရီကျော် ရှိက်ငိုရှာ ပြောပြခဲ့သော ဝေဖင်ဆိုသည့် မိန်းကလေးအား အထူးပဲကျေးဇူးတင်ပါသည်။ စာအုပ်တိုက်မှ လက်ဆောင်စာအုပ်နှင့်အတူ ကျေးဇူးတင်ကြောင်း အမှတ်တရလက်ဆောင် ပေးလိုပါ၍ ဆက်သွယ်ပါလို့ မဝေဖင်အား အကြောင်းကြားအပ်ပါသည်။

စာရေးတဲ့

ဖွားဿောက်ကြီး


အမှတ်–၂၉၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉


www.burmeseclassic.com

www.burmeseclassic.com



# Phone Section

**Ask : Hello!**

**List : I am P.L.Kyee**

www.burmeseclassic.com

www.burmeseclassic.com

# ဖွားလောက်ကြီး
## ၏
## သူပြောချင်တဲ့စကားများ

ပရိသတ်ကြီးရေ ...

အခုတစ်လ အထူးထုတ်အနေနဲ့ ပရိသတ်ကြီးမျှော်လင့်နေတဲ့ သာရစခေါ်ပေးပါစာအုပ်ထွက်လို့လာခဲ့ပါပြီ ...

ပရိသတ်ကြီးလည်း ကြိုက်နှစ်သက်မယ်လို့ထင်ပါတယ်။

များစွာသော ဇာတ်လမ်းတွေထဲက ထူးထူးခြားခြားထွက်ရှိလာတဲ့ ဆယ့်ငါးအုပ်မြောက် အထူးထုတ်ကို ကိုယ်တိုင်ဖန်တီးမှုနှင့် အတူ ကိုယ်ပိုင်ဇာတ်လမ်းကို ပြောပြခဲ့တဲ့ ဝေဇင်ဆိုတဲ့ မိန်းကလေးကို အထူးကျေးဇူးတင်ပါတယ် ... လို့

စာရေးတဲ့

ဖွားလောက်ကြီး

www.burmeseclassic.com


www.burmeseclassic.com

ညဥ့်နက်နက်တစ်ညမှာ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး စိတ်ချလက်ချ အိပ်လို့နေကြလေပြီ ...

တစ်ချက်တစ်ချက် ဝေ့တိုက်နေသည့် လေပြင်းတချို့က အခန်းပြတင်းပေါက်ကနေ ခွင့်မတောင်းဘဲ ရဲရဲတင်းတင်းဝင်လို့လာဆဲ ...

တစ်ခါတစ်ခါ ကြားရတဲ့ ညဥ့်ငှက်တစ်ချို့ရဲ့ညည်းသံက ကြားရသူတို့အဖို့ စိတ်မချမ်းသာစရာ ...

ထိုစဉ် ...



"တူ ... တူ"

"ဟင်"

ရုတ်တရက် ထမြည်တဲ့ဖုန်းသံကြောင့် အတွေးလွန်နေတဲ့ ကျွန်တော် လန့်သွားသည်။

ဖုန်းခွက်ကို ကောက်ကိုင်ရင်း ...

"ဟဲလို ... "

"ညဥ့်သိပ်နက်နေပြီမလား"

"ဟုတ်ပါတယ် ခင်ဗျာ ... "

တစ်ဖက်ဖုန်းသံက ယောက်ျားကြီးတစ်ယောက် အသံသြသြနှင့် ဖြစ်တာကြောင့် စိတ်ဝင်စားမိသည်။

"စာရေးဆရာတွေ ဒီလိုအချိန် မအိပ်တတ်ဘူးထင်လို့ ကျုပ် ဖုန်းဆက်လိုက်တာ"

"ဟုတ်ကဲ့ပါ အခုပြောနေတာက ..."

"ပြောမယ်လေ လောလုချည်လား စာရေးဆရာရဲ့ ကျုပ်က ရှေ့ဆင့်မှုး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပါ၊ ရေဝတီသင်္ဘောလိုင်းကဆိုပါတော့ ... ကပ္ပတိန်အေးငွေပါ ... "

"ဟုတ်ကဲ့ ကပ္ပတိန်ပြောချင်တာက"

"ကျုပ်သင်္ဘော အခု ဘိုကလေးကိုသွားနေတာ၊ ခင်ဗျားနာမည်ကျော် နဂါးကို ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ်"

"နဂါးတွန်းက ဒီအရပ်ဘက်မှာ လူတွေဘယ်လောက်သေလဲ ခင်ဗျား သိတယ်နော်"

"သတင်းတွေ ကြားရပါတယ်"

"ကျုပ်တို့လိုင်းက သင်္ဘောတချို့လည်း မြုပ်ကြတယ်ဗျ၊ မြစ်ထဲမှာဆို အလောင်းတွေအပြည့်ပဲ၊ စိတ်မကောင်းဆုံးအလောင်းက ကလေးကို ရင်ခွင်ပိုက်ပြီး သေနေတဲ့ မိခင်တစ်ယောက်ရဲ့အလောင်းပဲ စာရေးဆရာ"

"ဟုတ်ကဲ့"

"အဲဒီတုန်းက ကျုပ်မျက်လုံးထဲကထွက်ကိုမထွက်ဘူး စာရေးဆရာ"

"ဗျာ"

"ကျုပ်သင်္ဘောမှာ အဲဒီမိန်းမ အခုပါလာတယ်ဗျ"

"ဟင်"

ကျွန်တော် အံ့အားသင့်လို့သွားသည်။ တစ်ဖက် ဖုန်းပြောနေသည့် ကပ္ပတိန်ဆိုသည့်လူရဲ့ လေသံက နောက်ပြောင်တာမဟုတ်မှန်း ကျွန်တော်သိသည်။

"ဟိုတုန်းကဝတ်တဲ့ အဝတ်အစားနဲ့ပဲ ကလေးကလည်း နို့စို့အရွယ်ပဲဗျ၊ သင်္ဘောအနောက်ဘက်မှာ ထိုင်နေတယ်"

"ကပ္ပတိန်နှုတ်ဆက်လိုက်ပါလား၊ နာနာဘာဝဆို တစ်ခုခုထူးခြားမှာပေါ့"

"စာရေးဆရာ ... ကျုပ် တပည့်တစ်ယောက်ကိုခေါ်ပြပြီးပြီ၊ သူက ဘာမှ မတွေ့ဘူးတဲ့ ကျုပ်က ခုထိမြင်နေရတုန်း"

"ဒီလိုလုပ်ပါလား ကပ္ပတိန်၊ သင်္ဘောရဲ့ ဘုရားခန်းမှာ ဆောက်ငွေရေ ဖြစ်ဖြစ် ပရိတ်ရေဖြစ်ဖြစ်ရှိမှာပဲ ယူပြီးပက်လိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com

"လူဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"တောင်းပန်လိုက်ပေါ့ ကပ္ပတိန်ရယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ကျုပ် အခုလုပ်လိုက်မယ်၊ ဖုန်းမချလိုက်နဲ့နော်၊ အကျိုးအကြောင်း ခင်ဗျားကိုပြောမယ်"

"ဟုတ်ကဲ့"

ကျွန်တော်လည်း စိတ်ရှည်စွာ ဖုန်းကိုကိုင်ထားလိုက်၏။ ခုနစ်မိနစ်ခန့်ကြာတော့ မောနေသည့်လေသံနှင့် ...

"စာရေးဆရာရေ ... ကျုပ် ကျုပ်ယုံပြီဗျ"

"ဘာကိုယုံတာလဲ ကပ္ပတိန်"

"နာနာဘာဝကိုလေ ... ကျုပ် ပရိတ်ရေပက်လိုက်တော့ ပုတ်သင်ညိုကြီးဗျ"

"ဟင် ... "

"ကျုပ် တစ်သက်တာ ဒါပထမဆုံးအတွေ့အကြုံပဲ၊ ကျေးဇူးပါပဲ စာရေးဆရာ"

"ဟုတ် ... ဟုတ်ကဲ့"


တစ်ဖက်က ဖုန်းချသွားတော့ ကျွန်တော်လည်း ဖုန်းချလိုက်သည်။ သုံးဆယ့်တစ်ဘုံဆိုတဲ့အတိုင်း အပါယ်ဘုံသားတွေဟာ တစ်ခါတစ်ရံ လူသားတွေနှင့် တိုက်ဆိုင်စွာရှိတတ်ကြပါတယ်၊ သတိထားမိတဲ့ လူတွေရှိသလို သတိမထားမိတဲ့လူတွေလည်း ရှိပါတယ်။ စာဖတ်သူ ပရိသတ်တို့ ညဘက်သွားလာတဲ့အခါ ပရလောကသားတစ်ချို့နဲ့ ကြုံတတ်မှာပါ ...

ကိုယ့်ဘေးနားကလူဟာ ဘယ်လိုလူလဲဆိုတာ သိဖို့တော့ လိုတယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟူ ..."

"ဟဲလို ဗွားလောက်ကြီးပါ"

"ဆရာ ... သမီးနာမည် ခင်ချို့ဦးပါ ... ကဝကဆိုပါတော့"

"ဟုတ်ကဲ့"

"သမီးယောက်ျားဆုံးတာ တစ်လပြည့်ပြီ၊ ခုထိ အိမ်မှာ ထူးခြားတာ ဘာမှမဖြစ်သေးဘူး"

"မခင်ချို့ဦးက ဘာဖြစ်စေချင်လို့လဲ"

"ဆရာ့ဝတ္ထုတွေထဲကလို ဝိညာဉ်ဘဝနဲ့ အိမ်ကိုလာတာတို့ အိပ်မက်ပေးတာတို့ လုပ်မလားလို့"

"မခင်ချို့ဦးက အဲလိုဖြစ်ချင်လို့လား"

"အင်း ... ဖြစ်လည်းဖြစ်ချင်တယ်၊ ကြောက်လည်းကြောက်တယ်"

"ကိုယ့်ယောက်ျားပဲ ဘာလို့ကြောက်ရမှာလဲ၊ ကြောက်မနေနဲ့ ကျွန်တော် ပြောတဲ့အတိုင်းလုပ်၊ မခင်ချို့ဦးယောက်ျား ညဘက်လာစေရမယ်"

"ဟင့်အင်း နေပစေတော့ သမီးကြောက်တတ်တယ်"

"ဗွပ်"

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းက ကျသွားလေပြီ။ ကျွန်တော် အားရပါးရပြုံးလိုက်ရင်း လောကမှာ ထိုသို့သော အချစ်ကြီးသူများဟာ တကယ်ကြုံရရင် မကြုံချင်ကြပါဘူး။

လူဟာ ကိုယ့်ကိုယ်ကိုယ်ကလွဲရင် တခြား ဘာကိုမှ ပိုမချစ်တတ်ဘူး ဆိုတာ ...

၉၉၉

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက် နံနက်ခင်း လက်ဖက်ရည်ဆိုင်ထိုင် ဂျာနယ်ဖတ်နေစဉ် ခါးကြား တွင် ချိတ်ထားသော ဖုန်းက အသံထမြည်လာသည်။



"တူ … တူ"

"ဟဲလို … "

ဖုန်းကိုကောက်ကိုင်လိုက်ရင်းထူးလိုက်၏။

"စာရေးဆရာ ဖွားလောက်ကြီးနဲ့ စကားပြောချင်လို့ပါ"

တစ်ဖက်ဖုန်းအသံရှင်က အသံလွင်လွင်လေးနှင့်ကောင်မလေးတစ်ယောက်။

"ဟုတ်ကဲ့ … ကျွန်တော် ဖွားလောက်ကြီးပါ"

"စောစောစီးစီးဖုန်းဆက်တာ စိတ်မဆိုးပါနဲ့နော်၊ သမီး တစ်ညလုံး အိပ်မပျော်တာနဲ့ ဖုန်းကို အခုချိန်ဆက်ရတာ"

"ဟုတ်ပါပြီ သမီးဘာပြောချင်တာလဲ"

"သမီးမှာ ယောကျာ်းလည်းရှိပါတယ်၊ ပြီးတော့ ကလေးလည်းရှိတယ်၊ ဒါပေမဲ့ ဆရာရယ် … သမီးက ဘယ်သူ့အတွက်မှ ကြည့်ခဲ့တာမဟုတ်ဘူး၊ ကိုယ်စိတ်ချမ်းသာဖို့ပဲ စဉ်းစားခဲ့တယ် … "

"အင်း … ဆက်ပြောပါ"

ကျွန်တော်မှ စကားကိုထောက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လူတွေကပြောကြတယ်၊ သမီးကို အရွယ်ကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်ပေါ့၊ လူဆိုတာ ကိုယ့်အတွက်ပဲကိုယ်လုပ်ရတယ်ဆိုတဲ့အသိက သမီးခေါင်းထဲမှာ စွဲနေပြီ … ဒါပေမဲ့"

စကားသံက ခဏရပ်သွားသည်။

"သမီး အခုတော့ နောင်တရနေပြီဆရာ"

"ဘာလို့လဲ … ကိုယ့်ယုံကြည်ချက်အတိုင်း ဆက်မလျှောက်တော့ဘူးလား"

သွေးတိုးစမ်းသလို မေးလိုက်၏။

"အများတွေထင်နေတဲ့သမီး တမလွန်ကိုသွားဖို့ လက်မှတ်ရနေပြီဆရာ"

"ဟင် ဘယ် ဘယ်လို"

"သမီးယောက်ျားနဲ့ကလေးကို မထားခဲ့နိုင်ဘူးဆရာ"

"ဟာ ဘာလို့လဲ တစ်ခါထဲခေါ်သွားမလို့လား"

ကျွန်တော်က အံ့ဩစွာမေးလိုက်သည်။

"ဖြစ်နိုင်ရင် ခေါ်သွားမှာ … တမလွန်မှာ သမီး တာဝန်ပြန်ကျေချင်တယ်"

"မဖြစ်နိုင်ပါဘူး သမီးရယ် … လူဟာ သေပြီးရင် ကိုယ်ပြုခဲ့တဲ့ ကုသိုလ်အတိုင်း ဘဝအသစ်ပြန်ရကြတာ … အရလိုက်အပြုလိုက်သေလည်း အကုန် ဘဝသစ်ကို တစ်စုတစ်ဝေးထဲရတာမှမဟုတ်တာ … မဟုတ်တာတွေ တွေးမနေပါနဲ့ သမီးရယ်"

"ဆရာ သမီး ဘာလုပ်ရမလဲ"

ကောင်မလေးရဲ့အသံက အနည်းငယ်တုန်နေသည်။

"ရတဲ့အချိန်မှာ ကောင်းတဲ့အတွေးကိုတွေး … ကုသိုလ်လုပ် … ကိုယ့် မိသားစုအပေါ် တာဝန်ကျေအောင်နေပေါ့ …

လုပ်နိုင်မယ်ဆို တရားအားထုတ်ပါ"

"ဆရာ … သမီးလုပ်ခဲ့တဲ့လုပ်ရပ်တွေဟာ အရမ်းရက်စက်ခဲ့တာတွေ ရှိတယ်၊ ဒီအကျိုးဆက်ဟာ သမီး ပြိတ္တာဖြစ်မှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ပြောသလိုလုပ်ကြည့်ပါ ... အချိန်နည်းနေပေမယ့် ရတဲ့အချိန်လေးမှာ မိသားစုနဲ့ အေးအေးချမ်းချမ်းနေပါကွယ်"

"ဟင့် ... ဟင့်"

တစ်ဖက်ဖုန်းသံထဲမှ ရှိုက်ငိုသံတွေမဆုံးတော့ ကျွန်တော်လည်း ဖုန်းကို ပြုံးလိုက်သည်။ အခုခေတ်ကာလမှာ လူငယ်တွေဟာ ယုံကြည်ချက်တွေ ပြင်းထန်ပြီး လျှောက်ကြတော့ တချို့တလေဟာ လွဲမှားတဲ့အတွေးတွေနဲ့ လမ်းမှားကိုလျှောက်နေကြပါတယ်။

အလိုမကျမှုတွေ လိုအပ်မှုပြင်းပြင်းတွေနဲ့ ကောင်းကင်မပါတဲ့ လမ်းလျှောက်ကြရင်း အသိရှိတဲ့တစ်ရက်မှာ နောက်ကျသွားတတ်ကြတယ်။

အဲဒီလိုအချိန်မှာ တကယ်ဖြစ်ချင်တဲ့ဘဝကနေ သူတို့အပြီးထွက်သွားရပြီလေ ...

www.burmeseclassic.com

www.burmeseclassic.com



"တူ . . . တူ"

"ဟဲလို ... "

"စာရေးဆရာ ဖွားလောက်ကြီးနဲ့စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ကျွန်တော်ဖွားလောက်ကြီးပါ"

"အတော်ပဲ ဖွားလောက်ကြီး ခင်ဗျားနဲ့စကားပြောချင်နေတာကြာပြီ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ကျုပ်က တောင်ငူသချိုင်းက သုဘရာဇာပါ၊ ခင်ဗျားရေးတဲ့ စာအုပ်တွေ ဖတ်ပါတယ်၊ တစ္ဆေသရဲအကြောင်းကို ခင်ဗျားက ကျုပ်ထက်ပိုသိနေသလိုပဲ"

"ဒါကတော့ ... သုဘရာဇာကြီးရယ်"

"ဟိုး ... ဟိုး ... ကျုပ်ဆက်ပြောမယ် ခင်ဗျား သရဲတစ္ဆေဇာတ်လမ်းတွေ ဒီထက်ပိုပီပြင်အောင် ကျုပ်သချိုင်းကို နှစ်ညသုံးည လာအိပ်ကြည့်ပါလား"

"လောလောဆယ်တော့ မအားသေးဘူး၊ သုဘရာဇာကြီးရဲ့ အားတဲ့အခါ လာခဲ့ပါ့မယ်"

"ခင်ဗျားက မရေမရာဘဲ အခုတလော ကျုပ်သချိုင်းမှာ အခြေအနေဆိုး တဲ့အလောင်းတစ်လောင်းရှိတယ် ... ညတက်လည်း ကောင်းကောင်းမအိပ်ရဘူး သူ့ရေ့သွား

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဓာတ်လမ်းလေးလည်းကောင်းတယ်၊ လာသာလာခဲ့၊ ခင်ဗျားအတွက် အကျိုးရှိစေရမယ်"

"စိတ်ဝင်စားပါတယ် ... သုဘရာဇာကြီး လာဖြစ်အောင်ကြိုးစားပါ့မယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ ကျုပ်စောင့်နေမယ်"

သုဘရာဇာကြီးရဲ့ ဖုန်းကျသွားသည်။ စေတနာအပြည့်နဲ့ စိတ်ခေါ်သည့် သုဘရာဇာကြီးဆီ ကျွန်တော် သွားဖြစ်အောင်ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

၂၂၂

www.burmeseclassic.com

www.burmeseclassic.com



"တူ ••• တူ"

"ဟဲလို ... ကျွန်တော် ဗွားလောက်ကြီးပါ"

"ဆရာ ... လေပြေ အရမ်းခံစားရတယ်ဆရာရယ် ... လေပြေကို ကူညီပါဦး"

"ကျွန် ... ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဆရာက ဘာမှမလုပ်ပါဘူး ... ဆရာရေးတဲ့ ဝတ္ထုက လေပြေဘဝနဲ့ တိုက်ဆိုင်နေလို့ပါ"

"ဘယ်ဝတ္ထုလဲ လေပြေ"

"ဖိုးသူည ကလောင်နဲ့လေ သေမင်းနိုင်ငံယာဉ်ထဲက ဝိညာဉ်မလေးနာမည် ဝတ္ထုပါဆရာ"

"ဒီလိုဆို လေပြေ ချစ်သူ ဆရာဝန်ပေါ့"

"ဟင့်အင်း"

တစ်ဖက်စုန်းမှ ကောင်မလေးက ခေါင်းခါလိုက်ပုံရသည်။

"လေပြေနဲ့ ဘယ်လိုတိုက်ဆိုင်တာလဲ"

"လေပြေက သူနာပြုဆရာမယောက်ပါ။ လေပြေချစ်သူက သူ့မှာ သွေးရောဂါရှိတာကို လေပြေကိုအသိမပေးခဲ့ဘူး။ အပြင်သေးခန်းမှာ ကြိုတ်ကူးယ်

www.burmeseclassic.com

www.burmeseclassic.com

လေပြေ၊ သူနာပြုတစ်ယောက်ဖြစ်အောင် သူကြိုးစားပေးခဲ့တယ်ဆရာ … သူ တမလွန် ကို သွားချိန် ရောဂါအခြေအနေဆိုးမှ လေပြေသိခွင့်ရတယ်လေ"

"စိတ်မကောင်းစရာပဲ"

"လေပြေ ရင်ခွင်ထဲမှာပဲ သူ့ဘ၀အဆုံးသတ်သွားတယ် ဆရာ"

"ဩော် … "

"လေပြေ ချစ်သူဆုံးတဲ့ညက သူ့အလောင်းထားတဲ့ အအေးတိုက် တံခါး၀ မှာ လေပြေတစ်ညလုံး ထိုင်ငိုခဲ့ပါတယ်၊ မိုးတွေကလည်း တစ်ညလုံးကိုရွာတာ … အဖော်လည်းမရှိပါဘူး …

ဒါပေမဲ့ လေပြေမကြောက်ပါဘူးဆရာ … လေပြေ ချစ်သူ အအေးတိုက်ထဲမှာရှိနေတယ်ဆိုတဲ့အသိ လေပြေအတွက် အားရှိစေတာပဲ"

"အင်း … "

"ဆရာစာအုပ်နာမည်က စိတ်ဝင်စားစရာကောင်းလို့ ဖတ်ကြည့်တာ လေပြေ ပိုခံစားရတယ်ဆရာရယ်"

"ဟုတ်ကဲ့ … "

"ဆရာရေးသလိုပါပဲ၊ သေမင်းနိုင်ငံယာရီထဲမှာ လေပြေချစ်သူနာမည်ရှိနေတာကို ကြိုသိခဲ့ရင် လေပြေရအောင်ဖျက်ပစ်ပါတယ်"

"ကံစီမံရာပေါ့ လေပြေရယ်"

"လေပြေချစ်သူနာမည် ဘယ်သူလဲဆရာသိလား"

"မသိဘူးလေ … "

"အာ … အာဒမ်လေ"

"ဟင်"

ဖုန်းကကျသွားပြီ၊ နောက်တာလား တကယ်လားတော့မသိ။ ကျွန်တော့ရင်ထဲ ဝေဒနာတစ်ခုတော့ ထင်ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | အခေါင်းထဲကမသာ |
| အခန်း | ၂။ | မြေပုံပေါ်ကမျက်ရည် |
| အခန်း | ၃။ | ရက်လည်ညကခွေးအူသံ |
| အခန်း | ၄။ | တံခါးခေါက်သံကြားတဲ့ည |
| အခန်း | ၅။ | ဘုရားပေါ်မှ ဆုတောင်းသံ |
| အခန်း | ၆။ | သချိုင်းထဲကအစောင့် |
| အခန်း | ၇။ | ကလေးတွေလျှုမယ့်အလှူ |
| အခန်း | ၈။ | အိမ်ကိုလာတဲ့တစ္ဆေ |
| အခန်း | ၉။ | အခေါင်းထဲကမိန်းမ |
| အခန်း | ၁၀။ | မိုးညှို့ကဆရာ |
| အခန်း | ၁၁။ | သုဘရာဇာအကူ |
| အခန်း | ၁၂။ | ဒဏ်ပြန်ခံရသူ |


www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၃။ အပူဒဏ်ခံရသူ

အခန်း ၁၄။ စုန်းမလေးရဲ့ည

အခန်း ၁၅။ တမလွန်ဘဝက ကျွန်မ

အခန်း ၁၆။ ဆရာလိုတဲ့ လည်ချောင်းသွေး

အခန်း ၁၇။ သပိတ်ကိုင်မပါဘဲ ရှင်လောင်းပွဲ
နိဂုံး


www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

## အခေါင်းထဲကမသာ

"မေမေ့ကို အဲဒီအခေါင်းကြီးထဲမထည့်ပါနဲ့ဗျာ"

သားထူးရဲ့အသံက စူးရှစွာထွက်ပေါ်လို့လာသဖြင့် အလောင်းကို အခေါင်းထဲထည့်ရန် ပြင်ဆင်နေသည့်လူများ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"မေမေ ... သားကိုဘာလို့ထားခဲ့ရတာလဲ ... ညီမလေး မေမေ့ကို ပြောပါဦး ... ဟီး"

"မေမေ"

"သားထူး"က အသက်ခြောက်နှစ် "ဝေဖင်"က အသက်လေးနှစ် အရွယ် သူတို့အမေ မျိုးမျိုးဖင်ရဲ့ဘေးမှာရှိုက်ကြီးတငင်ငိုလို့နေကြသည်။

မျိုးမျိုးဖင်ရဲ့အသက်ကလည်း အသက်နှစ်ဆယ့်လေးနှစ်သာရှိပြီး အရွယ်ကောင်းမှာဆုံးပါးသွားသဖြင့် လူမမယ်ကလေးနှစ်ယောက်သာကျန်ခဲ့ သည်။

"ကဲ ... ကဲ ... အချိန်မရှိဘူး၊ အလောင်းကိုအခေါင်းထဲထည့် သချိုင်းသွားချမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဦးပြုံးရဲ့စကားကြောင့် မသာအိမ်မှာဝိုင်းလုပ်ပေးနေသူတွေက အလောင်းကိုအခေါင်းထဲသို့ထည့်လိုက်ကြသည်။

"မေမေ ..."

"မေမေရဲ့ ..."

မောင်နှမနှစ်ယောက်ရဲ့အသံက ရင်ထဲကလှိုက်လှဲစွာထွက်ပေါ်လို့သွားသည်။

အလောင်းဘေးမှာ ငုတ်တုတ်လေးထိုင်ရင်း သူတို့မေမေကိုဦးအကြိမ်ကြိမ်ချလိုက်၏။

"ဒူ ... ဝေ ... ဝေ"

ကြေးစည်ရိုက်သည့်အသံက အိမ်ရှေ့မှထွက်ပေါ်လို့လာလေပြီ –

"ကဲ ... ချမယ်ဟေ့ ... ကလေးတွေအိမ်မှာနေခဲ့ကြ"

ဦးပြုံးကပြောလိုက်ရာ ရွာထဲမှလူငယ်များက အခေါင်းကိုထမ်းရန်ပြင်လိုက်သည်။

"ဘဘကြီး သားတို့မေမေ့ကိုလိုက်ပို့ပါရစေ"

"မီးတို့လိုက်ပို့ပါရစေနော်"

မောင်နှမနှစ်ယောက်လုံးက ဦးပြုံးကိုတောင်းပန်လိုက်သည်။

"ဟာ ... ဒီကလေးတွေဘာလိုက်ရှုပ်မှာလဲ သင်္ချိုင်းကိုမသာပို့တာကလေးတွေအလုပ်မဟုတ်ဘူး ဖယ်ကြစမ်း"

ဦးပြုံးက ကလေးနှစ်ယောက်ကို တွန်းဖယ်ရင်းမာန်မဲလိုက်၏။ သားထူးနှင့်ဝေဖင်က ဦးပြုံးရဲ့ခြေထောက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီ ဖက်ရင်း ...

"ဘဘကြီး ... သားတို့ မေမေ့ကိုနောက်ဆုံးအနေနဲ့လိုက်ပို့ပါရစေ တောင်းပန်ပါတယ် ဘဘကြီးရယ်"

"မီးလည်း တောင်းပန်ပါတယ် မေမေ့မျက်နှာကိုကြည့်ချင်လို့ပါဟီး"



www.burmeseclassic.com

www.burmeseclassic.com



ငိုရင်းပြောတဲ့ကလေးနှစ်ယောက်ကို ဦးပြူးကခြေဖြင့်တွန်းချလိုက်ပြီး

"ဖယ်ကြစမ်းကွာ မင်းတို့အမေမသာကို သချိုင်းရောက်ဖို့ အရပ်ထဲက စုပြီးချပေးရတာ အလကားသချိုင်းပို့လို့ရတာမဟုတ်ဘူး နားလည်စမ်း ... ကိုယ့်အိမ်မှာကိုယ်နေခဲ့ လိုက်လာရင်ငါရိုက်မှာနော် ... သွားကြ"

ဦးပြူးကပြော၍ သူကိုယ်တိုင် ဝါးတဲလေးပေါ်ကဆင်းသွားကြသည်။

"ဒူ ... ဝေ"

"ဟေး ... ဟေး"

ရွာထဲကအလောင်းထမ်းသည့် လူငယ်တွေကလည်း မူးနေပြီးပါးစပ်က အော်ချင်ရာအော်ပြီး ဝမ်းနည်းနေရမယ့်အစား ပျော်ပါးစွာလိုက်ပို့သူအနည်းငယ်နှင့် သချိုင်းသို့သွားကြသည်။ သားထူးနှင့်ဝေဇင်တို့နှစ်ယောက် တဲအိမ်အပေါက်ဝလေးတွင် တစ်ယောက်နှင့်တစ်ယောက်ဖက်၍ အလောင်းကိုလှမ်းကြည့်ရင်း ငိုနေကြသည်။

"ကိုကို ... ဝေဇင်တို့သချိုင်းကိုလိုက်သွားကြမယ်"

"လူကြီးတွေပြောနေပါဦးမယ် ညီမလေးရယ်"

"သူတို့မသိအောင်သွားမှာပေါ့ ကိုကိုရဲ့လိုက်သွားကြမယ်နော်"

သားထူးကလည်း လိုက်သွားချင်သည် သူ့အမေကိုသချိုင်း၌ဘယ်နေရာမှာ သင်္ဂြိုဟ်လဲသိချင်နေ၏။

"သွားရအောင် ကိုကို"

"ရွာပြင်ဘက်ကပတ်သွားကြမယ်၊ သူများတွေမြင်ရင် တို့မောင်နှမကို ရိုက်နေဦးမယ်"

"ဟုတ်ကဲ့ ကိုကို"

မောင်နှမနှစ်ယောက် ပါးပေါ်ကမျက်ရည်တွေသုတ်လိုက်ရင်း အိမ်ပေါ်မှဆင်း၍ ခြံအနောက်ဘက်လယ်ကွင်းများကိုဖြတ်ကာ ပြေးလာကြသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာဖြစ်တာလဲ ညီမလေး"

ကွင်းထဲမှာမြေကြီးကုန်းနှင့်တိုက်မိပြီး ချော်လဲသွားသည့်ညီမဖြစ်သူကို ထူ၍သားထူးကမေးလိုက်၏။

"ခြေထောက်က အရမ်းနာတယ်ကိုကို"

"လမ်းလျှောက်လို့ရရဲ့လား ... ညီမလေးရယ်"

"အား ... အ ... ရပါတယ်ကိုကို"

ဝေဖင်ကခြေထောက်ထော့နဲ့ထော့နဲ့နှင့် သားထူးရဲ့ပခုံးကိုကိုင်ရင်း ပြော၏။

"ကိုကိုကို ကုံးပိုးညီမလေး _ ခြေထောက်နာလို့ လမ်းမလျှောက်နိုင် ရင် မေမေ့ကိုသကြိုဟ်တာတွေ့ရမှာမဟုတ်ဘူး"

"ရပါတယ်၊ ညီမလေးရအောင်ပြေးမယ်"

"မဟုတ်တာလာစမ်းပါ လာ ... ကိုကို့ကျောကိုပိုး"

သားထူးကဝေဖင်ရှေ့မှာ ထိုင်ချလိုက်ရာ ဝေဖင်ကကျောပေါ်တက်လိုက် သည်။

"ရလားညီမလေး ... "

"ရတယ်ကိုကို ရတယ် ... "

သားထူးကသူ့ညီမလေးကို ကျောပေါ်ပိုးလျက် လယ်ကွင်းများကိုဖြတ် ကာမဟောနိုင်မပမ်းနိုင်နှင့် ရွာအနောက်ဘက်သချိုင်းဆီသို့ ပြေး၍လာတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

ဝါးပင်များ ထူထဲစွာပေါက်ရောက်နေသလို လက်ပံ၊ ပျဉ်းမ ကုက္ကိုလ်စတဲ့ သစ်ပင်ကြီးတို့ကလည်း မှိုင်းညို့စွာပေါက်နေသည့်သချိုင်းကြီးမှာ အဝေးမှကြည့် လျှင် သာနှင့်ပင် ချောက်ချားစရာကောင်းလွန်းလှသည်။

ထိုသချိုင်းကြီးမှာ ရွာအနောက်ဘက်မှာရှိပြီး ရွာနှင့်တစ်မိုင်ကျော်ဝေး သည်။

သချိုင်းရဲ့ပတ်လည်မှာတော့ လယ်ကွင်းကျယ်ကြီးများရှိသည်။ ထိုကွင်း ကြီးများမှာ စပါးစိုက်ပျိုး၍လည်းမရသည့်မြေကြမ်းနေရာများဖြစ်သည်။

ရွာမှသချိုင်းသို့သည့်လမ်းမှာ မြေနီလမ်းကြမ်းဖြစ်ပြီး ချိုင့်ခွက်များ ဖုန်းဂမုများဖြင့် ကြမ်းတမ်းလွန်းလှသည်။

ထိုသချိုင်း၏ သုဘရာဇာကြီး၏အမည်မှာ ဦးမဲကြီးဖြစ်သည်။

အသားကလည်းမည်းမည်း လူကပုပုဂင်တိုတို မျက်နှာပေါက်ကလည်း ဆိုးလှသည်။ အစဉ်သဖြင့် ခေါင်းကပြောင်လို့နေသည်။

"ဟေး ... ဟေး ... "

သချိုင်းထဲသို့အလောင်းထမ်းလာသည့် လူတချို့ဝင်လာတာကြောင့် သုဘရာဇာဦးမဲကြီး မြေကျင်းတူးတာကိုလက်စသတ်ကာ ကျင်းနှုတ်ခမ်းပေါ်တက် လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မသာထမ်းသည့်လူများ သချိုင်းထဲဝင်လာတော့ သုဘရာဇာကြီးက–

"မသာလာချတာစောလှချည်လားဟေ့ မြေကျင်းတောင်မပြီးသေးဘူး"

"စောစောချတော့လည်း မြေကြီးထဲမြန်မြန်ရောက်တာပေါ့၊ မသာကို ရွာထဲမှာကြာကြာထားတော့ဘာလုပ်မှာလဲ"

"ကဲ ... သူကြီး ... မသာခေါင်းကိုဖွင့်လိုက်မယ်"

"ဖွင့်မနေပါနဲ့ဗျာ ... မသာချတဲ့အထဲမှာလည်း သူ့အမျိုးတစ်ယောက်မှ မပါဘူး၊ ကြည့်လည်းမကြည့်တော့ဘူး မြန်မြန်သာမြေမြှုပ်လိုက်"

"အခေါင်းဖွင့်ပြီး မသာကြည့်တာ သုဘရာဇာအလုပ်ဗျ ဖွင့်ကိုကြည့်ရမယ်"

သုဘရာဇာဦးမဲကြီးက သူမြေကျင်းတူးသည့်ပေါက်တူးကြီးဖြင့် အခေါင်း ကိုကလော်ကာဖွင့်လိုက်သည်။

"ဟင်"

အခေါင်းထဲကရုပ်အလောင်းကို သုဘရာဇာကြီးအံ့ဩလို့သွားသည်။ အလောင်းထဲကအမျိုးသမီးရုပ်ရည်က ချောမောလှပလွန်းသလို သေနေတာနှင့် မတူဘဲ အိပ်ပျော်နေသူတစ်ယောက်လိုဖြစ်နေသည်။

"မသာက ဘယ်တုန်းကဆုံးတာလဲ သူကြီး"

"မနက်ကလို့ပြောတာပဲ သွေးတက်ပြီးဆုံးတာတဲ့"

"ဪ"

သုဘရာဇာကြီးက ခေါင်းတညိတ်ညိတ်လုပ်လို့နေသည်။

"ကဲ ... ကျင်းထဲအခေါင်းချမယ်"

"အခေါင်းကိုကျင်းထဲချမယ်ဟေ့ ... ဝိုင်းလုပ်ကြ"

သူကြီးဦးပြုံးကအမိန့်ပေးလိုက်ရာ အခေါင်းထမ်းလာသူတွေ အခေါင်းကိုမြေကျင်းထဲချလိုက်ကြသည်။

"ရပြီ ထားခဲ့တော့ ကျုပ်ဘာသာမြေဖို့လိုက်မယ်"

"ကောင်းပြီလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာခေါ်သွားဦးလေ ရက်လည်မှပြန်ပို့ပေးပေါ့"

"မခေါ်တော့ဘူး ရှာနာတယ်၊ ရက်လည်လည်းလုပ်မှာမဟုတ်ဘူး"

သူကြီး ဦးပြူးကပြော၍ နောက်လှည့်ထွက်သွားရာ သုဘရာဇာကြီးက လေသံအကျယ်ကြီးနှင့် ...

"မသာရေ ... နင့်ကိုတောင်ရွာကခေါ်မသွားချင်ဘူးတဲ့"

ပြောရင်းမြေကြီးများကို ကျင်းထဲသို့ယက်ချကာနေလေတော့သည်။

သူသင်္ဂြိုဟ်ဖူးတဲ့ မသာတွေထဲမှာ ဒီမသာကခြောက်ကပ်ကပ်နိုင်ရသည်။

"အင်းလေ မသာသင်္ဂြိုဟ်တာပဲ ဆူဆူညံညံနဲ့ဆိုရင် မသာနားညည်းမှာပေါ့"

ဟု တွေးကာ လုပ်လက်စအလုပ်ကိုဆက်၍ လုပ်နေလေတော့သည်

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ခဲ့သော သားနှင့်သမီးကို
မိတ်မချစ်၍ ညအမှောင်ကြီးထဲတွင်
ခွေးအူသံများနှင့်အတူ
ရောက်လာသည့် တစ္ဆေမကြီးက ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

# မြေပုံပေါ်ကမျက်ရည်

"နေပါဦး ဘဘကြီး နေပါဦး မေမေ့ကိုမြေမမြှုပ်ပါနဲ့ဦး"

အသံစူးစူးလေးဖြင့် အော်ဟစ်ကာပြေးလာသည့် ကလေးနှစ်ဦးကိုကြည့်ကာ သုဘရာဇာဦးမဲကြီးမျက်လုံးပြူးလို့သွားသည်။

"ဟော ... ဒီကလေးတွေဘယ်ကာလဲ"

မျက်နှာလေးပေါ်တွင် မျက်ရည်တွေရွှဲစိုနေသည့် ကလေးငယ်နှစ်ယောက်က သုဘရာဇာကြီးမြေဖို့ရာ ကျင်းဝနားတွင်ဒူးထောက်ကာထိုင်ချလိုက်သည်။

"မေမေရေ မေမေ"

"မေမေ ... သမီးတို့ကိုထကြည့်ပါဦး"

ကလေးတွေက အားရပါးရငိုတော့ သုဘရာဇာကြီးလည်းမြေကျင်းကိုသက်ချခြင်းမပြုသေးဘဲ ပေါက်တူးကြီးကိုကိုင်ကာမတ်တတ်ရပ်လို့နေသည်။

ကလေးတွေက အားရအောင်ငိုနေတော့ သုဘရာဇာကြီးက ...

"လာကြပါဦး သားတို့သမီးတို့ရယ်၊ မင်းတို့အမေဘာဖြစ်လို့ဆုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဘဘကြီး၊ မနက်မိုးလင်းတော့၊ သားတို့ခေါ်တာခေါ်လို့မရတာနဲ့သူကြီးကိုပြေးပြောတာ သူကြီးကရောက်လာပြီးသေပြီတဲ့ ဟီး"

သားထူးက သူပြောသမျှကို မျက်ရည်စက်လက်နှင့်ပြောပြလို့နေ၏။

"အေးလေ _ ကံတရားပေါ့ကွယ် မင်းတို့အဖေရောမရှိဘူးလား"

"အေအေက မာမပြတွေကိုသတင်းပေးလို့ဆိုပြီး ထောင်ကျနေတာကြာပြီ ဘဘကြီး"

"ဟာ _ စိတ်မကောင်းစရာပဲကွယ်၊ ရွာမှာမင်းတို့ဆွေမျိုးတွေမရှိကြဘူးလား"

"မရှိပါဘူး ဘဘကြီးရယ်၊ မေမေပြောတော့ သူတို့အရင်ကမုတ္တမဘက်မှာနေတာတဲ့ ... "

"ဩော် ... "

သားထူးရဲ့မျက်နှာကိုကြည့်ပြီး သုဘရာဇာကြီးသနားသွားသည်။ သူ့ဘေးက ဝေဇင်ကိုခေါင်းလေးပွတ်ကာ ...

"မင်းတို့ရှေ့ဆက် ဘယ်လိုရပ်တည်မလဲ"

"မသိပါဘူး ဘဘကြီးရယ်၊ ကျွန်တော်ကတော့ ဆရာတော့်ကျောင်းမှာ ဝေယျာဝစ္စလုပ်ပေးရင်း စာသင်နေတာ ဆွမ်းကျန်ဟင်းကျန်ကိုတောင်းပြီး ညီမလေးကိုကျွေးရမှာပဲ"

"အေးကွယ် _ မင်းတို့ကိုကာကွယ်စောင့်ရှောက်မယ့်သူ မရှိတော့ပေမယ့် ဘာမှအားမငယ်နဲ့ အရေးအကြောင်းကြုံရင် ဘဘကြီးဆီလာခဲ့ကြ"

"ဟုတ်ကဲ့ ဘဘကြီး"

"ကဲ ... မင်းတို့အမေကိုရှိခိုးလိုက်ကြ ပြီးရင်ပြန်ကြတော့ ... "

သုဘရာဇာကြီးကပြောတော့ သားထူးတို့မောင်နှမနှစ်ယောက်လည်း မြေကျင်းထဲကအလောင်းကို ရှိသေစွာရှိခိုးလိုက်ကြသည်။

ပြီးနောက် ...

မတ်တတ်ထရပ်လိုက်ပြီး ...

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားတို့ပြန်တော့မယ် မေမေ ..."

"သမီးပြန်တော့မယ်နော် မေမေ၊ သမီးတို့ကိုပစ်မထားပါနဲ့"

ပါးပေါ်သို့မျက်ရည်တွေစီးကျကာပြော၍ သချိုင်းထဲမှညီမဖြစ်သူ ဖုံး လေးကိုဖက်ကာ ထွက်သွားသည့် သုဘရာဇာကြီးက စိတ်မကောင်းစွာကျန်ခဲ့ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အူး ... အူး ... အူး ... အူး"

အဆက်မပြတ်အူနေသော ခွေးအူသံတို့က တစ်ရွာလုံးဆူညံလို့နေသည်။ ညဥ့်ကလည်းအလွန်နက်နေသလို လမိုက်ညဖြစ်တာကြောင့်လည်း မဲမှောင်လို့နေလေ၏။

သားထူးနှင့်ဝေဖင်က ရေနံဆီမီးခွက်လေးကိုထွန်းကာ တဲရှေ့ကွပ်ပျစ်လေးပေါ်တွင် ထိုင်နေကြသည်။

"ကိုကို ... ဒီည မေမေ့ရက်လည်ညနော်"

"ဟုတ်တယ် ... ညီမလေး"

"မေမေလာမလာ:မသိဘူး။ မေမေညီမလေးတို့ကိုလာနှုတ်ဆက်မှာပါနော်"

"ညီမလေးကြောက်နေလို့လား"

"မကြောက်ပါဘူး ကိုကို ... မေမေဘယ်ဘဝရောက်ရောက် ညီမလေးကချစ်မှာပဲ"

သားထူးက သူ့ညီမလေးခေါင်းကိုပွတ်ပေးရင်း ...

"ကိုကို တို့ဆီကို မေမေလာနေပြီ ညီမလေး"

---



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကိုကိုဘယ်လိုသိလဲ"

"ခွေးတွေအူသံ ညီမလေးကြားတယ်မလား"

"ကြားတယ်လေ ... "

"ခွေးတွေက သရဲတစ္ဆေတွေလို့ အူတာညီမလေးရဲ့"

ဝေဖင်ရဲ့ မျက်လုံးလေးဝိုင်းလို့သွားသည်။

"မေမေက သရဲဖြစ်သွားပြီပေါ့နော်"

"ညီမလေးကြောက်လို့လား"

"ဟင့်အင်း"

ဝေဖင်က သူ့ကိုကိုကိုခေါင်းလေးခါပြလိုက်သည်။

"အု ... အူး ... အူး ... "

ခွေးအူသံများကဆူညံသထက်ဆူလို့လာသည်။ တဖြည်းဖြည်းနှင့် သားထူးတို့ခြံနားရောက်လာလေရာ သားထူးက ကွပ်ပျစ်ပေါ်ကခုန်ဆင်းလိုက်ပြီး ခြံဝသို့ကြည့်၍ ...

"မေမေရောက်လာတော့မယ် ညီမလေး"

"ကိုကို ... မေမေ ညီမလေးတို့ဆီတကယ်လာမှာပေါ့"

"ကြည့်နေ ညီမလေး"

ထိုစဉ် ...

"ရှဲ ... "

လေကြမ်းကတစ်ချက်ဝှေ့တိုက်သွားလေရာ ရေနံဆီမီးခွက်ငြိမ်းလို့သွားသည်။

"အု ... အူး ... အူး"

ခွေးအူသံများကလည်း ခြံဝမှသံပြိုင်ထွက်လို့လာစဉ် အရိပ်မည်းမည်းတစ်ခုက ခြံဝတွင်ရပ်လို့နေ၏။

"မေမေ ... "

ဝေဖင်ကလည်း သူ့ကိုကိုနားလာ၍ လက်ကိုဆုပ်ကိုင်လိုက်ရင်း သံပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ကြသည်။

"ဟင့် ... "

ရှိုက်သံတစ်ခုက ညအမှောင်ကိုဖောက်ကာထွက်ပေါ်လို့လာသည်။

"မေမေ ... လာလေ ... "

အရိပ်မည်းမည်းကြီးက ခြံဝတွင်းပင်ရပ်လို့နေသည်။ သူတို့ရပ်နေသည့်နေရာကလည်း အနည်းငယ်လှမ်း၏။

"ဟင့် ... ဟင့် ... "

ငိုရှိုက်သံက အဆက်မပြတ်ထွက်လို့လာရာ မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"မေမေ ... အိမ်ထဲကိုလာခဲ့ပါ၊ ခြံပြင်မှာခွေးတွေတအားအူနေတယ်"

"ဟင့် ... ဟင့် ... "

ရှိုက်ငိုသံနှင့်အတူ အရိပ်မည်းမည်းကြီးက လက်တစ်ဖက်ကိုမြှောက်၍ ဖေ့ရမ်းကာ အမှောင်ထဲဝင်၍ ပျောက်ကွယ်သွားတော့သည်။

"မေမေရေ ... "

"မေမေ ... "

မောင်နှမနှစ်ယောက်က သံပြိုင်ဟစ်အော်လိုက်သော်လည်း အရိပ်မည်းမည်းကြီးကိုမတွေ့ရတော့ ...

"ဟီး"

မောင်နှမနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ဖက်ကာငိုလိုက်ကြသည်။

သူတို့ဘဝရဲ့တစ်ဦးတည်းသောအားကိုးရာ မိခင် ...

အကြင်နာကြီးလှသော မိခင်ရဲ့မေတ္တာရိပ်အောက်မှာ သူတို့ဘဝလေး အေးချမ်းနေခဲ့သည်။

ဖခင် ထောင်ကျသွားတော့ ခြံနောက်မှာရှိသည့် ဘဝလေးကို ကိုယ်တိုင်

www.burmeseclassic.com



တူးဆွကာ သီးပင်စားပင်တို့ကိုစိုက်ပျိုးရင်း သူတို့မောင်နှမကို ကျွေးမွေးခဲ့သည်။

ရွာထဲက ချမ်းသာသည့် သူဌေးဦးငွေတို့အိမ်မှာလည်း တောက်တိုမယ်ရသွားလုပ်လိုက်သေးသည်။

ယောက်ျားမရှိပေမယ့် သူတို့အမေကမာန်ရှိသည်။ ဖခင်ကိုလည်း မကောင်းတစ်ခါမှမပြော ရွာထဲမှတချို့ယောက်ျားများ ရိသဲ့သဲ့လုပ်ရင်း အမေကမခံ ...

အရွယ်ကလေးကလည်းရှိ ရုပ်ရည်ကလည်းအပျိုရှုံးလောက်အောင်လှနေသေးသည့် အမေက အဖေတစ်ယောက်မှလွဲ၍ ကျန်ယောက်ျားကိုအရောဝင်ခြင်းမရှိ ...

အခုတော့ ...

အမေက သူသိပ်ချစ်သည့် သားနှင့်သမီးကိုထားကာ လူ့လောကမှထွက်သွားလို့နေလေပြီ ...

"လာ ညီမလေး မေမေ ကိုကိုတို့ကိုနှုတ်ဆက်ပြီးပြီ သွားအိပ်ရအောင်နော်"

"အင်း ... "

သားထူးက သူ့ညီမလေးကို မျက်ရည်သုတ်ပေးပြီး နှစ်ယောက်သားတဲပေါ်သို့ တက်လို့လာတော့သည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးအာထိတ်တလန့်ဖြစ်နေကြသည်။
ခေါင်းကြီးရွက်ကာလျှောက်နေသည့်
တစ္ဆေမကြီးက ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

# ရက်လည်ညက ခွေးအူသံ

"အရပ်ထဲမှာ ဒီလောက်ခွေးအူတာမကောင်းဘူး သူကြီး၊ ကျုပ်မိန်းမဆို နေစရာနေရာတောင်မရှိဘူး"

သူကြီးအိမ်က နှစ်ထပ်ခြေတံရှည်ကျွန်းအိမ်ကြီး အောက်ထပ်မှ စားပွဲခုံရှည်နှင့် ခုန်တန်းလျားကိုချထားကာ ရပ်ရေးရွာရေးကိစ္စဆို တိုင်ပင်စကားပြောရာနေရာလည်းဖြစ်၏။

"ငါလည်းကြားတယ် တင်စန်း"

"သူကြီး ဘယ်လိုထင်လဲ"

"ဘာကိုလဲ"

တင်စန်း စကားကိုနားမလည်၍ သူကြီးကမေးလိုက်သည်။

"မနေ့ညက မျိုးမျိုးဇင် ရက်လည်ညလေ"

"ဟင် ... ဟုတ်သားပဲ"

တင်စန်းပြောမှ သူကြီးလည်းအမှတ်ရလို့သွားသည်။

"တချို့ကပြောကြတယ် မျိုးမျိုးဇင်ဆံပင်ဖားလျားချပြီး ညတွေမှာလယ်လမ်းမအတိုင်း လျှောက်နေတယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေကလည်း သူကြည့်ပြီး အူတာလို့ပြောကြတယ်"

"ဟော ..."

သူကြီးမျက်လုံးပြူးသွားသည်။ ရပ်ထဲရွာထဲအရေးက သူ့အရေးပဲမလား။

"မျိုးမျိုးဇင် သေတော့လည်း ချက်ချင်းချရက်လည်မလုပ်ဆိုတော့"

"တော်စမ်း ... တင်စန်း အရပ်ထဲကကိစ္စအားလုံး ငါ့ခေါင်းပေါ်တင် မထားနိုင်ဘူး ကာယကံရှင်တွေက မရှိရင်မလုပ်နဲ့ပေါ့ကွာ"

"ကျန်ခဲ့တဲ့လူတွေက လူမမယ်ကလေးတွေလေ သူကြီးရဲ့"

တင်စန်းက သူကြီးကိုအထွန့်တက်လိုက်သည်။

"လူမမယ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိစ္စကိုယ်ရှင်းရမှာပဲ မနေနိုင်တဲ့လူတွေလုပ်လိမ့်မယ်"

"ထုံးစံအတိုင်းမလုပ်ရင် မတော်တာတွေဖြစ်လာမှာစိုးလို့ပါ"

သူကြီးက ဒေါသထွက်သည့်မျက်နှာကြီးနှင့် ...

"တင်စန်း ... မင်းကသူကြီးလား ငါကသူကြီးလားပြောစမ်း"

ဟောက်လိုက်ရာ တင်စန်းလည်းဇက်ကလေးပုကာ သူကြီးအိမ်ထဲမှ ထွက်သွားသည်။

သူကြီးက ထိုင်ခုံမှာထိုင်နေရင်း သူ့ကိုဆရာလုပ်သည်ထင်သည့် တင်စန်းကို ဒေါကန်လို့နေသည်။

မျိုးမျိုးဇင်နှင့် သူ့ယောကျ်ားသီဟတို့က ဒီရွာသူရွာသားတွေမဟုတ်ကြ တခြားရပ်ဒေသမှပြောင်းလာကြခြင်းဖြစ်သည်။

သူတို့ရွာလို ရိုးမတောစပ်မှာအလွန်ခေါင်စွာရှိသည့် ရွာကို ဖိုးသာဦး ဆိုသည့် ရွာသားအဆက်အသွယ်နှင့်ရောက်လာကြသည်။

ဖိုးသာဦးနှင့်သီဟတို့က သူငယ်ချင်းတွေဟုသူကြီးသိရသည်။

သီဟတို့ရွာရောက်ပြီး တစ်နှစ်အကြာမှ ဖိုးသာဦးတစ်ယောက်ပိုးထိကာ ဆုံးသွားခဲ့သည်။

သူကြီးက လူရည်လည်၍နေရာတကာပါတတ်သည့် ဖိုးသာဦးကိုယခင်



www.burmeseclassic.com

www.burmeseclassic.com



တတည်းကကြည့်ရတာမဟုတ် ... ဖိုးသာဦးသေတော့ ဖိုးသာဦးရဲ့ခြံပိုင်းကို သီဟာကရခဲ့သည်။

ခြံအလုပ်ယာအလုပ်ကိုလုပ်ကိုင်နေရင်း တစ်ရက်မှာ သီဟာရွာမှပျောက်သွားချိန်တွင် ညဘက်အပျိုကြီးဒေါ်လှဦးတို့အိမ် ဓားပြတိုက်ခံရသည်။ တိုက်သည့်ဓားပြများက စုစုပေါင်းခုနစ်ယောက်ခန့်ရှိ၏။ အားလုံးမျက်နှာဖုံးစွပ်များနှင့်ဖြစ်တာကြောင့် ဘယ်သူဘယ်ဝါမှန်းမသိ ...

ရွာမှအချိန်မှီသိတာကြောင့် ဝိုင်းလိုက်ရာ ဓားပြများထွက်ပြေးသွားသည်။

ထိုထွက်ပြေးသွားသည့် ဓားပြများထဲမှ တစ်ယောက်ကဝါးညှောက်စူးတာပြေးသည်ကိုတွေ့လိုက်ကြ၏။

နောက်တစ်ရက် ရွာသို့သီဟာပြန်လာသည့်အခါ ခြေထောက်တွင်အဏ်ရာကြီးနှင့်ဖြစ်နေရာ သူကြီးကမသင်္ကာသဖြင့် မြို့ရဲစခန်းသို့ဓားပြမှုနှင့် ပို့လိုက်သည်။

"ဗျို့ ... သူကြီး"

"ဟင်"

ခြံပြင်ဝကလှမ်းအော်သည့်အသံကြောင့် အတွေးလွန်နေသည့်သူကြီးသတိဝင်လာသည်။

"သူကြီး ... သူဌေးခေါ်နိုင်းလို့ဗျ အားရင်အိမ်ဘက်လျှောက်လာခဲ့ဦးတဲ့"

"ဟော ... အေး ... အေး ... ကိစ္စရှိလို့လား"

"ရှိတယ်လို့ မှာလိုက်တယ်"

"လာခဲ့မယ်လို့ပြောလိုက် သာအေးရေ"

သူကြီးကပြောကာငွဲထားသည့် ရေနွေးကြမ်းကိုယူ၍ မော့သောက်လိုက်သည်။

သူဌေးဟုဆိုလျှင် သူကြီးကိုယ်တိုင်ကလန့်ရသည်။ ဒီလိုနဲ့ပင်ကုန်းရွာ



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ သူဌေးငွေတိုးက ငွေကြေးလွှမ်းစွာကြွယ်ဝလှသလို ဩဇာကသူကြီးထက်ပိုရှိသည်။

ငါးကန်ကြီးများပိုင်ဆိုင်ထားသလို တပည့်တပန်းများကလည်းပေါများလှ၏။

သူကြီးဘာလိုချင်ချင် အကုန်ဖြည့်ဆည်းပေးတတ်သောကြောင့် သူဌေးဟောဆိုလျှင် သူကြီးကိုယ်တိုင်က ပျာပျာသလဲဖြစ်လို့နေလေသည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

"ထိုင် သူကြီး"

ဦးငွေတို့ ညည်းခန်းထဲဝင်လာသည့် သူကြီးကိုသူ့ရှေ့ကထိုင်ခုံကိုလက်ညှိုး ညွှန်ကာပြောလိုက်သည်။

သူကြီးကဝင်ထိုင်ပြီး ...

"ဘာကိစ္စရှိလို့လဲ ဦးငွေတိုး"

ဦးငွေတိုးရဲ့မျက်နှာက သိပ်မကောင်း ...

"ခင်များတို့ မျိုးမျိုးဖင် အလောင်းကိုသေသေချာချာသင်္ဂြိုဟ်ခဲ့ကြလား"

"သင်္ဂြိုဟ်ပါတယ် ဘာဖြစ်လို့လဲ ဦးငွေတိုး"

"ဟင်"

ဦးငွေတိုးက သက်ပြင်းရှည်ကြီးကိုချလိုက်သည်။

"ရက်လည်တော့မလုပ်ဘူးလား"

"ဘယ်လိုလုပ်နိုင်မလဲဦးငွေတိုးရယ်၊ သူ့ကလေးနှစ်ယောက်ပဲကျန်ခဲ့ တာမလား"

"အဲဒါကိုကဆိုးတာပေါ့"

"ဟင်"

ဦးငွေတိုးရဲ့စကားကြောင့် သူကြီးမျက်လုံးပြူးလို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မ ရွာထဲမှာသောင်းကျန်းနေတာ သူကြီးကြားရဲ့လား"

"ညဘက် ခွေးတွေတအားအူတာတော့ကြားတယ်၊ ဦးငွေတိုးဘာတွေ သိထားလို့လဲ"

"သိရုံတင် ဘယ်ကမလဲ ကျုပ်ကိုတောင်လာနှောင့်ယှက်တယ်"

"ဟင် ... ဘယ် ... ဘယ်လို"

သူကြီးကမေးလိုက်သော်လည်း ဦးငွေတိုးက ချက်ချင်းပြန်မဖြေ ထိုင်ခုံနောက်ကျောကို ကျောမှီ၍သာနေလိုက်သည်။

"တင်စန်းကတော့ ကျုပ်ကိုသတိပေးသေးတယ်"

"ဟုတ်တယ် ရွာထဲမှာစုဆိုကြောက်လန့်နေကြတယ် တချို့ကမျိုးမျိုးဖင် ခေါင်းကြီးရွက်ပြီးရွာထဲဝင်လာတယ်တဲ့ ပြောနေကြတာပဲ"

"မဖြစ်နိုင်ဘူးထင်တယ် ဦးငွေတိုးရဲ့"

"ကျုပ်က မဟုတ်ဘဲပြောမလားဗျာ၊ ကျုပ်ပြီးခဲ့တဲ့လကွယ်ညတုန်းက ကိုယ်တိုင်ကြုံခဲ့ရတာ"

"ဘယ် ... ဘယ်လိုကြုံခဲ့တာလဲ"

သူကြီးကမေးလိုက်ရာ ဦးငွေတိုးက သူကြုံခဲ့ရသည့်အတွေ့အကြုံကိုပြော ပြလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

မြေကျင်းထဲကအလောင်းကောင်ကိုရှင်းမှ
ရွာကိုမနှောင့်ယှက်မှာ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

## တံခါးခေါက်သံကြားတဲ့ည

လမိုက်ညဖြစ်တာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်၍နေသည်။ ရွာထဲကခါတိုင်းလိုမဟုတ် အရှည်မှုပို၍တိတ်ဆိတ်နေသည်ဟု သူဌေးဦးငွေတိုးထင်မိသည်။

သူကိုယ်တိုင်ကလည်း အိပ်လို့မပျော်သေး –

အင်းထဲကထွက်သည့်ငါးတွေကို မြို့သို့ပို့ကာရောင်းချထားရာမှ ရလာသည့်ငွေတို့ ရေတွက်လို့နေသည်။

ဘတ္တရီမီးရဲ့အလင်းရောင်ကလည်း မှိန်ဖျော့ဖျော့သာရှိတော့သည်။

"အု ... အူး ... အူး"

ထိုစဥ် – သူ့အိမ်မြောက်ဘက်မှ စူးစူးဝါးဝါးအူလိုက်သည့်ခွေးအူသံကို ဦးငွေတိုးကြားလိုက်ရသည်။

"အု ... အူး ... အူး ... "

ခွေးအူသံတွေကလည်း အဆက်မပြတ်တောက်လျှောက်ကို အူတာ တဖြည်းဖြည်းနှင့်သူ့ခြံရှေ့သို့ရောက်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့ခြံရှေ့ရောက်တော့ ရုတ်တရက်ခွေးအူသံတွေကရပ်လို့သွားသည်။

ဦးငွေတိုးလည်းစိတ်ထဲအုံ့ဩသွားကာ ထိုင်ရမလိုထရမလိုဖြစ်လို့သွားသည်။

"ဒေါက် ... ဒေါက်"

"ဟင်"

သူ့အိမ်အဝင်ကျွန်းတံခါးကြီးကိုခေါက်သည့်အသံကြောင့် ဦးငွေတိုးလန့်ကာ ထိုင်ရာမှထလိုက်သည်။

"ဒေါက် ... ဒေါက် ..."

"ဘယ် ... ဘယ်သူလဲ"

အသံတုန်တုန်ဖြင့်လှမ်းမေးလိုက်သည်။

"ဒေါက် ... ဒေါက် ... "

အပြင်မှပြန်ဖြေသံကိုမကြားရဘဲ တံခါးခေါက်သံက ထွက်ပေါ်လို့လာနေဆဲပင်ဖြစ်သည်။

ဦးငွေတိုးလည်း တံခါးဆီသို့ဖြည်းဖြည်းချင်းလျှောက်လို့လာ၏။ အခုလို ညကြီးအချိန်မတော် အိမ်သို့လာသည့်သူမရှိ လာလျှင်တောင်ခြံဝမှအသံပေးကာ လာလေ့ရှိသည်။

"ဒေါက် ... ဒေါက် ... "

တံခါးခေါက်သံက ထွက်ပေါ်လို့လာဆဲပင်ဖြစ်သည်။ ဒီအိမ်ကြီးပေါ်မှာ နေတာက သူတစ်ယောက်ထဲ _ အိမ်မှာအလုပ်လုပ်နေသည့် အလုပ်သမားတွေက အိမ်အနောက်ဘက်တွင်ရှိသည့် တဲအိမ်ကြီးမှာနေကြသည်။ အရေးအကြောင်းဆို သူ့မှာအဖော်မရှိတော့ ...

"ဂျောက် ... "

တံခါးဂျက်ကိုဖွင့်၍ တံခါးကိုခပ်ဖြည်းဖြည်းချင်းဆွဲလိုက်ရာ _

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင်ဘယ်သူ့ကိုမှမတွေ့ရ ...

"ဟာ ... နံလိုက်တာ ... "

ရုတ်တရက် အပုပ်နံ့ကထောင်းခနဲထွက်လို့လာလေရာ ဦးငွေတိုး ကြက်သီးများထလို့သွား၏။

"အု ... အူး ... "

ခွေးများက တိတ်နေရာမှတစ်ပြိုင်နက်တည်းဆိုသလို အူလိုက်ရာ ဦးငွေတိုးလန့်ပြီး တံခါးဆွဲပိတ်လိုက်သည်။

"ခစ် ... ခစ် ... ခစ်"

"ဟင်"

ရယ်မောသံကထွက်လို့လာပြန်ရာ ဦးငွေတိုးဘာလုပ်လို့လုပ်ရမှန်းမသိ ချွေးများကပြန်လို့လာသည်။

"အ ... ကို ... ကြီး"

အသံက အဝေးကနေ လေသံနှင့်အတူထွက်ပေါ်လာသည့်အသံဖြစ် သည်။

ထိုအသံရှင်ကိုသူသိသည်။

မျိုးမျိုးဇင်ရဲ့အသံ ...

"အ ... ကို ... ကြီး ... ခစ် ... ခစ်"

"ဟား ... ဟား ... ဟား"

ဦးငွေတိုး သူ့နားနှစ်ဖက်ကိုလက်နှင့်ပိတ်လို့ထားသည်။ မျိုးမျိုးဇင် သူ့ကိုလာခြောက်တာပဲဖြစ်လိမ့်မည်။

သူ့ကိုခေါ်ပြီး ကြောက်မက်ဖွယ်ရယ်မောနေတာကြောင့် အထိတ်တလန့် နှင့်ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေစဉ် ...

"ဒေါက် ... ဒေါက်"

အိမ်တံခါးခေါက်သံကိုကြားရပြန်သည်။ ဦးငွေတိုးကခေါင်းကိုထောင် ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"သူဌေး ကျွန်မပါ ဒေါ်သန်းကြည်"

"ဟင်"

ဦးငွေတိုးစိတ်ထဲ အားတက်လို့သွားသည်။ တံခါးဆီသို့ အလျင်အမြန်လာကာ ဖွင့်ပေးလိုက်သည်။

"သူဌေး ... စောစောကရယ်သံကြားလို့ ... "

"ဟုတ်တယ် ... မသန်းကြည်"

ဦးငွေတိုးက သူကြုံသမျှကိုဒေါ်သန်းကြည်အားပြောပြလိုက်သည်။

"ဟာ ဒါဆို ... မျိုးမျိုးဇင်လာခြောက်တာပဲနေမှာ"

"ငါ ... ငါ ... ဘယ်လိုလုပ်ရမလဲမသန်းကြည်"

"ဘုရားဂုဏ်တော်တွေသာများများရွတ် သူဌေး သရဲတစ္ဆေတွေက ဘုရားဂုဏ်တော်တွေ အသံကြားရင်မခံနိုင်ဘူးပြောတာပဲ"

"ငါ ... ငါမှမရတာ ... ဘယ်လိုလုပ်ရမလဲ"

"ကျွန်မရွတ်ပေးမယ် သူဌေးအခန်းထဲသာဝင်အိပ်နေဟုတ်ပြီလား"

"အေး"

ဦးငွေတိုးက စားပွဲပေါ်မှ ပိုက်ဆံများကိုသိမ်းကာအခန်းထဲသို့ဝင်သွားသည်။ ဒေါ်သန်းကြည်ကတော့ ဘုရားစင်ရှေ့မှာထိုင်၍ ဘုရားဂုဏ်တော်ကို အဆက်မပြတ်သာရွတ်လို့နေ၏။

သူ့မျက်စိထဲတွင်လည်း မျိုးမျိုးဇင်ရဲ့မျက်နှာကိုမြင်လို့လာသည်။ သူဌေးဦးငွေတိုးက မျိုးမျိုးဇင်ကို ဒီအိမ်ကြီးရဲ့ သန့်ရှင်းရေးအလုပ်ကိုလုပ်ဖို့ သူ့ကိုသွားပြောခိုင်းရာမှ မျိုးမျိုးဇင် ဒီအိမ်ကြီးကိုရောက်လို့လာသည်။

မျိုးမျိုးဇင်ကို ဦးငွေတိုးက ငွေများ ပစ္စည်းလက်ဆောင်များဖြင့် ဖြားယောင်းသော်လည်း မျိုးမျိုးဇင်လက်မခံ ...

ဒေါ်သန်းကြည်က ဒီအိမ်ကြီးမှာနေတာကြာပြီ ...

ဆွေမရှိ မျိုးမရှိတစ်ကောင်ကြွက်မို့ သူဌေးရဲ့စိတ်သဘောကိုမကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းသည်းခံနေ၏။

သူဌေးကမျိုးမျိုးဖင်ကို နည်းအမျိုးမျိုးသုံးစည်းရုံးသော်လည်းမရ။

ကြာတော့လည်း ... သူဌေးကဒေါသဖြစ်လာသည်။ မျိုးမျိုးဖင်က သူ့မိသားစုမှာတစ်ယောက်တည်း ရုန်းကန်နေရတာကြောင့် သူဌေးရဲ့အပြုအမူကို လုံးဝသည်းခံနေရရှာသည်။

ခုတော့ ...

မျိုးမျိုးဖင်ဆုံးလို့သွားပြီ ...

သူဌေးကိုမကျေနပ်သမျှ ဝိညာဉ်ဘဝဖြင့်လာကလဲ့စားချေတာပဲဟုသာ ဒေါ်သန်းကြည်တစ်ယောက်တွေးမိပြီး အမျှဝေပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်အခြောက်ခံရတာ အဲဒါပဲသူကြီး"

ဦးငွေတိုးကရှင်းပြတာကို သူကြီးကခေါင်းတညိတ်ညိတ်နှင့်လုပ်ကာ နေသည်။

"မျိုးမျိုးဇင် မကျွတ်မလွတ်ဖြစ်နေတာသေချာနေပြီပေါ့"

"အသေအချာပဲသူကြီး ပုပ်စော်ကလည်းနံလိုက်တာပြောမနေနဲ့"

"အေးလေ _ ကျုပ်တို့ဘယ်လိုလုပ်ကြမလဲ"

သူကြီးက သူ့ရှေ့ဦးငွေတိုးဆီမှ အကြံဉာဏ်ကိုတောင်းလိုက်သည်။ ဦးငွေတိုးကစကားသံကို တိတ်လျှက်အတန်ကြာအောင်စဉ်းစားလို့နေသည်။

ပြီးမှ ...

"ဒီလိုလုပ်မယ်ဗျာ _ ကျုပ်တို့သူ့အလောင်းကို ညဘက်သွားဖော်ကြမယ် ပြီးရင်တစ်ခါတည်းမီးသဂြိုဟ်မယ်"

"ဟင် ... ဘာလို့လဲ"

"မျိုးမျိုးဇင်ကရွာထဲလျှောက်သွားနေတာ သူ့သက်မဲ့ခန္ဓာကိုယ်နဲ့ပဲနေမှာ အဲ့ဒီခန္ဓာကိုယ်သာမရှိရင် ဝိညာဉ်သက်သက်ခြောက်လှန့်လို့ ရမှာမဟုတ်ဘူး"

ဦးငွေတိုးကသူထင်ရာကို ဖွင့်ပြောလို့နေသည်။

"ဆိုင်တော့မဆိုင်ဘူးထင်တယ်"

"ကျုပ်ပြောသလိုသာ လုပ်စမ်းပါသူကြီးရယ်၊ သချိုင်းကိုညဘက်သွားရင်ကျုပ်တပည့်တွေနဲ့ ကျုပ်ရယ်သူကြီးရယ် သွားကြမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုဆရာတစ်ယောက်ကပေးထားတဲ့ အင်းပြားရှိတယ်၊ အဲ့ဒီအင်းပြားကိုရေစိမ်ပြီး သိပ်ခြောက်ပါတယ်ဆိုတဲ့တစ္ဆေရဲ့ရုပ်အလောင်းကို လောင်းချပြီးရင်အလောင်းကိုမီးရှို့ရင် ဘယ်လိုမှမခြောက်နိုင်တော့ဘူး''

''ဟုတ်လို့လား''

သူကြီးကမယုံသလို မေးလိုက်ရာ ဦးငွေတိုးက ...

''ကျုပ်ပြောသလိုသာ စမ်းကြည့်စမ်းပါ၊ ဟော့ကောင်သာနီး သူကြီးပြန်ရင် ငါးတစ်တွဲထည့်ပေးလိုက်''

ပြောရင်းသူတပြည့် သာနီးကိုလှမ်းအော်လိုက်သည်။ သူကြီးကဦးငွေတိုးကိုမလှန်နိုင်တာတွေအများကြီးရှိသည်။

သူကြီးလိုသမျှကို ဦးငွေတိုးကအမြဲဖြည့်ဆည်းပေးခဲ့သည်။ သူဖြစ်ချင်တာကိုလဲ သူကြီးကခွင့်ပြုပေးရသည်လေ ...

''ဦးငွေတိုးဘယ်တော့လောက်လုပ်ချင်လဲ''

''အင်း''

ဦးငွေတိုးကစဉ်းစားလို့နေသည်။

ပြီးမှ ...

''လာမယ့်လကွယ်ည''

''ဟင် ... လကွယ်ညဆိုတော့ မမှောင်လွန်းဘူးလား''

''မှောင်လေကောင်းလေပဲမလား ရွာကမရိပ်မိဖို့လိုမယ် တချို့ကအယူကြီးတယ်မဟုတ်လား''

''သုဘရာဇာကြီးကို အသိပေးထားမှကောင်းမယ်ထင်တယ်''

''မလိုပါဘူး သူကြီးရယ်သူကြီးတစ်ယောက်လုံးပါမှာပဲ''

''ဟုတ်ပါတယ်လေ''

သူကြီးလည်းဦးငွေတိုးပြောသမျှ ခေါင်းကိုသာညိတ်နေရတော့သည်။

ဦးငွေတိုးကတော့ သူ့အတွေးနှင့်သူ ပြုံး၍သာနေလေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေရဲ့ ဘာမျှဝေသ်ကြားရတော့
ကျွန်မဘယ်လိုမှစိတ်မကောင်း
သူတို့လေးတွေကို စိတ်မချသရွေ့
ဒီဘဝဆိုးကြီးနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)

## ဘုရားပေါ်မှဆုတောင်းသံ

"ငါ့ကိုသေချာနင်းနော် သားထူးငါ့အကြောတွေကတအားတက်နေတာ"

ကပ္ပိယကြီးဦးတိုးက သားထူးနင်းတာဗာကိုခံရင်းပြောတော့ သားထူးကနင်းရတာညောင်းလို့နေပေမယ့် ရပ်လို့မရသေးဘဲဖြစ်နေသည်။

ကပ္ပိယကြီးကနင်းနိုပ်ခိုင်းတာကလွဲရင် ကျန်သည့်နေရာများတွင်အလွန်သဘောကောင်းလှသည်။ဘုန်းကြီးကျောင်းမှဆွမ်းကျန် ဟင်းကျန်များကိုသားထူးအိမ်ပြန်တိုင်းပေးလိုက်လေ့ရှိသည်။

သားထူးကသူ့ညီမလေးအတွက် ဆွမ်းကျန်ဟင်းကျန်များကိုယူ၍ ကျွဲကာမောင်နှမနှစ်ယောက်အသက်ဆက်ရသည်။

"သားထူး မင်းတို့မောင်နှမနှစ်ယောက်ကျောင်းမှာလာနေပါလား ငါဆရာတော်ကိုပြောပေးမယ်လေ"

"မနေချင်ပါဘူးကပ္ပိယကြီးရယ် မေမေခေါင်းချသွားတဲ့နေရာမှာပဲ နေချင်တယ်"

"အေးလေ ... အဲ့လိုဆိုတော့လည်း မင်းသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးကပြောလို့နေသည်။ သားထူးတို့မောင်နှမကို ဦးတိုးကချစ်သည်။ ဆရာတော်ကျောင်းတွင် စာသင်နေသည့်သားထူးလိုအပ်တာမှန်သမျှကို ကပ္ပိယကြီးကိုသူတတ်နိုင်သလောက် ဖြည့်စီးလို့ပေးသည်။

"ကျွန်တော်သက်န်းစီးချင်တယ် ကပ္ပိယကြီးရယ်"

"ဟာ ... ဘာစိတ်ကူးပေါက်ပြန်ပြီလဲ"

"မေမေကုသိုလ်ရအောင်ပါ"

"သက်န်းစီးတာ လွယ်တယ်များထင်လို့လား ဒကာရှိမှဖြစ်တာ"

"ဟင် ... အဲ့လိုလား"

ကပ္ပိယကြီးပြောတာကို သားထူးကနားမလည်၍ မေးလိုက်ခြင်းဖြစ်သည်။

"ရှင်ပြုတာရဟန်းခံတာ ဒကာကပြုပေးမှရတာ သားထူးရဲ့ အဲ့ဒီဒကာကပစ္စည်းလေးပါးကို တာဝန်ယူရတယ်လေ"

"ဪ ... "

သားထူး ကိုရင်ဝတ်ချင်တာ အကြောင်းရှိသည်။ အခုတလောရွာထဲမှာ သူ့မေမေရဲ့သတင်းကိုကြားရတော့ သားထူးစိတ်မကောင်း ...

သူကိုရင်ဝတ်လိုက်လျှင် သူ့မေမေရဲ့မကျွတ်မလွတ်ဘဝက လွတ်မြောက်နိုင်သည်ဟုသူစိတ်ထဲထင်မိသည်။

ထို့ကြောင့်လည်း ...

"သားထူးဘာလို့ရပ်နေတာလဲ ဆက်နင်းလေ"

အတွေးလွန်ပြီး ရပ်နေရာမှကပ္ပိယကြီးသတိပေးမှ သားထူးလဲသတိဝင်လာကာဆက်နင်းနေတော့သည်။

အတန်ကြာမှ ...

"ကဲ ... တော်ပါပြီကွာ ဆင်းတော့"

"ဟုတ်ကဲ့"

သားထူးကအောက်ဆင်းတော့ ကပ္ပိယကြီးကထထိုင်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲမှာအခုတလော သရဲအရမ်းခြောက်တယ်လို့ကြားတယ် မင်းလည်းကြားမိလား"

"ကြားတယ်ကပ္ပိယကြီးအဲ့ဒီအတွက်ပဲ စိတ်မကောင်းဖြစ်နေတာ အားလုံးကမေမေလိုက်ခြောက်နေတယ်လို့ ပြောကြတာပဲ"

"အင်း – လူတွေကလည်းခက်တယ်ကွာ၊ အဲ့ဒီလိုထင်ကြလို့ ကြာရင် မင်းတို့မောင်နှမပါဒုက္ခရောက်လိမ့်မယ်"

ကပ္ပိယကြီးကတွေးတွေးဆဆနှင့် ပြောလိုက်သည်။

"ကျွန်တော်တို့ ဘာလို့ဒုက္ခရောက်မှာလဲ"

"မင်းက ကလေးပဲရှိသေးတော့ ဘာမှမတွေးတတ်သေးဘူးလေ၊ ကဲထား တော့မင်းတို့မောင်နှမနှစ်ယောက် ရွာထိပ်ကကိုးတောင်ပြည့်ဘုရားမှာ ဘုရားဝေယျာဝစ္စလုပ်ပြီး ဆုတောင်းကြပေါ့ကွာ"

"ဟုတ် ... ဟုတ်ကဲ့ကပ္ပိယကြီး"

သားထူးလည်းသူမိခင်အတွက် ကောင်းမှုကုသိုလ်လုပ်ပေးချင်တာ ကြာပါပြီအခုလိုကပ္ပိယကြီးက အကြံပေးတာကြားတော့ စိတ်ထဲ၌ ပျော်ရွှင်လို့ သွားလေတော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

ရွာထိပ်ကိုးတောင်ပြည့်ဘုရားမှာ မြေကုန်းအမြင့်တွင်တည်ထားပြီး ဘုရားရင်ပြင်ပေါ်တက်သည့်လှေကားမှာ အုတ်လှေကားဖြစ်သည်။

သားထူးတို့မောင်နှမနှစ်ယောက် ဘုရားရင်ပြင်တော်ပေါ်သန့်ရှင်းရေး လုပ်ခြင်း၊ စေတီပေါ်ကပ်ပေါက်နေသည့်ရေညှိပင်များကိုတိုက်ချွတ်ခြင်း စသည်တို့ကို မမောနိုင်မပန်းနိုင်လုပ်လို့နေကြသည်။

ကိုးတောင်ပြည့်ဘုရားမှာ ရွာထိပ်တွင်ရှိသော်လည်း ရွာထဲမှလူတွေက သိပ်မရောက်ဖြစ်ကြ။

သုံးနှစ်တစ်ကြိမ်ကျင်းပသည့် ရွာဘုရားပွဲတွင်သာရောက်တာက များသည်။ဘုရားပန်းကပ်ခြင်းသန့်ရှင်းရေးလုပ်ခြင်းကို ကပ္ပိယကြီးဦးတိုးကသာ လာရောက်လုပ်ကိုင်လေ့ရှိသည်။

"ညီမလေးအမှိုက်တွေကို ဘုရားရင်ပြင်အပြင်ဘက်မှာပုံနော်"

"ဟုတ်ကဲ့ကိုကို ..."

ဘုရားရင်ပြင်တွင်သစ်ရွက်ခြောက်များကို ဝေဖင်ကလိုက်လံ၍ကောက် ယူလို့နေသည်။

သားထူးကတော့ စေတီပေါ်တက်ကာတိုက်ချွတ်ဆေးကြောလို့နေသည်။ စေတီဝန်းကျင်မှာလည်းသစ်ပင်ကြီးများရှိတာကြောင့် ရွက်ခြောက်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



မနည်းလှပေ။

"ကိုကိုမေမေရောက်လာရင် ကောင်းမှာပဲနော်"

"ညီမလေး ဖွဲ့လို့မပြောရဘူးလေ"

"ဘာလို့လဲ ကိုကို"

"တို့မေမေကဆုံးသွားပြီလေ ညီမလေးရဲ့၊ ညီမလေးက အခုလိုတမ်းတနေတော့ မကျွတ်မလွတ်ဘဲ အစိမ်းသရဲဘဝရောက်နေပါဦးမယ်"

"ဟင် ... "

ဝေဇင်ရဲ့မျက်လုံးထဲမှာ မျက်ရည်တွေဝိုင်းသွားတော့သည်။

"မေမေ ညီမလေးတို့ဆီ ဘယ်တော့မှပြန်မလာတော့ဘူးပေါ့နော်"

"ညီမလေးရယ် ... "

သားထူးကသူ့ညီမလေးရှေ့လာ၍ ပါးပေါ်ကျနေသည့်မျက်ရည်တို့ကို သုတ်ပေးလိုက်သည်။

"ကိုကိုတို့ အခုလို ကောင်းမှုကုသိုလ်လုပ်ပေးနေတာ မေမေ့အတွက်ပေါ့"

"မေမေ့အတွက် ... "

"ဟုတ်တယ်ညီမလေးရဲ့ ကိုကိုတို့အခုလိုဘုရားသန့်ရှင်းရေးလုပ်တာကို မေမေကတွေ့လိမ့်မယ် ... မေမေကလည်းကိုကိုတို့ကို ကြည့်ပြီးကျေနပ်နေမှာပါ"

"မေမေကြည့်နေတယ် ဟုတ်လား"

ဝေဇင်လေးကခေါင်းကို ပတ်လည်ရမ်းကာလိုက်ကြည့်လိုက်သည်။ သားထူးကလည်းကလေးမို့ သူ့ညီမလေးနားလည်အောင်မရှင်းပြတတ် ...

"ကိုကို ... မေမေ့ကိုလည်းရှာလို့မတွေ့ဘူး"

"မေမေ့ကို ကိုကိုတို့ကမမြင်ရဘူးလေ"

သားထူးက သူ့ညီမလေးပခုံးကိုကိုင်ကာနှစ်သိမ့်လိုက်သည်။

ထိုစဉ် ...

"ဟင့် ... ဟင့် ... "



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံတစ်ခုကို ကြားလိုက်ရသည်။ သားထူးနှင့်ဝေဖင်က အသံလာရာကိုခေါင်းဝေ့ဝင့်၍လိုက်ရှာကြည့်သည်။ ထိုအသံမှာသူတို့မေမေ၏ အသံပင်ဖြစ်မှန်းသူတို့သိကြ၏။

"မေမေ ... မေမေရေ ... "

"ဟင့် ... ဟင့် ... ဟင့်"

ရှိုက်ငိုသံက တဖြည်းဖြည်းဝေးသည်ထက် ဝေးလို့သွားတော့သည်။

"မေမေ ... မေမေရေ ... "



www.burmeseclassic.com

www.burmeseclassic.com

ရှိုက်ငိုသံတို့ရဲ့မျက်ရည်များနှင့်အတူ ဘုရားကုန်းရဲ့အဝေးကို ကျွန်မ ပြေးထွက်လို့လာတယ် ... ကျွန်မရဲ့ခန္ဓာကိုယ်ကလေထဲမှာ လွင့်လို့နေတယ်လေ ...

ကျွန်မရဲ့လူမမယ်သားနဲ့သမီး မျက်နှာကိုမြင်ရပြန်တော့ စိတ်ထဲ ဘယ်လိုမှမကောင်းနိုင် ... အသည်းနှလုံးတွေလည်း ပြုတ်ထွက်မတတ်ပါပဲ ...

မေမေ့အတွက်ကောင်းမှုကုသိုလ် လုပ်ပေးနေတာတဲ့ကျွန်မသာရ ခေါ်ရမှာလား ...

ကျွန်မ မခေါ်ချင်ဘူး ဘာလို့လဲဆိုတော့ ကျွန်မတခြားဘဝရောက် သွားရင် သားနဲ့သမီးကို မြင်တွေ့ခွင့်ရမှာမဟုတ်တော့ဘူးလေ ...

ခုတော့ ... ဝိညာဉ်ဘဝသရဲတစ္ဆေဘဝ ပြိတ္တာကျွန်မဘဝကဘယ်လို လုပ်လှူတောထဲတိုးနိုင်မှာလဲ ...

ကျွန်မရဲ့ကလေးနှစ်ယောက်ကို ညဘက်လာလာကြည့်တဲ့အခါ ရွာထဲက ခွေးတွေက ကျွန်မနောက်ကနေလိုက်အူကြတယ်လေ ...

ကြောက်စိတ်တော့မဖြစ်မိ အမှောင်ထဲမှာအရာအားလုံးကိုလည်း ကျွန်မ ပြတ်ပြတ်သားသားကိုမြင်နေမိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ကကျွန်မကိုတမ်းတပြီး ငိုတဲ့အခါကျွန်မမျက်ရည်ကျမိတယ် ...

ကျွန်မသိပ်ချစ်ရတဲ့ ရင်သွေးလေးတွေ ...

အခုလိုဘဝဆိုးကြီးနဲ့ ကျွန်မခွဲထားရတယ်လေ ...

ကျွန်မယူကြုံးမရဖြစ်ရပါတယ် သူတို့ကိုစိတ်မချသရွေ့ သူတို့ဖခင်ပြန်မရောက်သရွေ့ ကျွန်မဘယ်နေရာကိုမှ ထွက်မသွားဘဲဒီဘဝနဲ့ပဲ ...

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

မြေကျင်းတူးနေသူတွေရှေ့သို့
အနက်ရောင် အခေါင်းတစ်လုံး
ကျလာလေရာ အခေါင်းတွင်
ရေးထိုးထားသည့် နာမည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၆)

## သချိုင်းထဲကအဘအောင်

လကွယ်ည ...

ကောင်းကင်တစ်ခုလုံးမဲမှောင်လို့နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်လို့ပေမယ့် သချိုင်းသို့သွားသည့်လမ်းမမှာတော့ လူတစ်စုကမီးထုပ် များကိုကိုင်ကာ လျှောက်လို့လာသည်။

"ရွာထဲကလူတွေမသိလောက်ပါဘူးနော်သူကြီး"

"မသိပါဘူး ဦးငွေတိုးရဲ့၊ အေးလို့အိမ်ထဲမှာကွေးနေလောက်ပြီ"

"ဟုတ်တယ်နော် ရာသီဥတုကလည်း တအားအေးတာပဲ"

လူကသူကြီးအပါအဝင် စုစုပေါင်းလူကရှစ်ယောက်ရွာထဲမှ လူတစ်ယောက်မှမပါပဲ သူဌေးဦးငွေတိုးက သူ့အင်းထဲမှအင်းအလုပ်သမားများကိုသာ ခေါ်လာခဲ့သည်။

လက်ထဲမှာတော့ ပေါက်တူး၊ ဂေါ်ပြား၊ သံတူးရွင်းများပါလာကြသည်။ လူများတော့လည်း သူတို့မှာကြောက်စိတ်မရှိကြ။

"ဟော့ကောင်မောင်မြင့် သချိုင်းရောက်ရင်သရဲမကို ကြိုက်တယ်ဆိုပြီး နေခဲ့နဲ့ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုမပြောနဲ့ မင်းသာသတိထား။ မင်းကဘာကိုမှအလွတ်ပေးတာ မဟုတ်ဘူး"

"မောင်မြင့်ပြောတာ အမှန်ပဲသာဒင်၊ မင်းမကြိုက်ဘူးတဲ့လူ ဘယ်သူ ရှိလို့လဲ အားလုံးကသာပြန်မကြိုက်ရှိရမယ်"

ဖိုးလုံးကသာဒင်ကို ဝင်၍နှိပ်ကွက်လိုက်သည်။

"သရဲမကတော့သူ့ကို ကြိုက်မှာကျိန်းသေပဲ"

တစ်ယောက်တစ်ပေါက်ပြောဆိုလို့နေကြရာ တဖြည်းဖြည်းနှင့် သချိုင်း သို့ရောက်လာသည်။

"သချိုင်းတော့ရောက်လာပြီ ဦးငွေတိုးခင်ဗျားကောင်တွေ ဖြစ်ပါတယ် နော်"

"ဘာလို့မဖြစ်ရမှာလဲ သူကြီးရယ်၊ ကျုပ်တပည့်တွေသွေးမကြောင် တတ်ပါဘူး။ ဘာတွေပဲလာလာရင်ဆိုင်ဖို့အသင့်ပဲ"

သူဌေးဦးငွေတိုးကခပ်ကြွားကြွားလေး ပြောလိုက်သည်။

သူကြီးက ...

"ဒီသချိုင်းက သိပ်ကြမ်းတာ သုဘရာဇာမဲကြီးကလည်း ပြော ဆိုရမကောင်းဘူး"

"မပူစမ်းပါနဲ့သူကြီးရယ် ဒီမှာကြည့်"

ဦးငွေတိုးက သူ့တပည့်တစ်ယောက် လွယ်ထားသည့်ပလိုင်းထဲကို လက်နှိုက်၍ပြန်ထုတ်လိုက်ရာ ကြက်ကောင်လုံးကြော်ပါလာသည်။

"ဘာ ... ဘာလုပ်ဖို့လဲ"

"ကြက်ကြော်နဲ့အရက်လေဗျာ သချိုင်းစောင့်အကောင်ကို တိုက်မယ် သုဘရာဇာကိုတော့ ငွေလေးဘာလေးပေးလိုက်တာပေါ့ဗျာ"

"ဖြစ်ပါ့မလား ... မဲကြီးကကက်သီးကက်သတ်ကောင်"

"သူကြီးကလည်း သွေးပျက်နေပြန်ပြီ"

ဦးငွေတိုးကလေသံမာမာနှင့် အပြစ်တင်တော့ သူကြီးလည်းဘာစကား



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မဆက်ဘဲငြိမ်နေလိုက်သည်။

သူက သူကြီးဆိုပေမယ့် သူဌေးဦးငွေတိုးကိုလှန်ရဲတာမဟုတ် ပေးသမျှယူ ကျွေးသမျှစား ဦးငွေတိုးအထောက်အပံ့တွေနှင့် လွတ်တာမှမဟုတ်တာ–

သူတို့အုပ်စု သချိုင်းထဲဝင်လာတော့ ပထမဆုံးတွေ့လိုက်တာက ဇရပ်ဟောင်းကြီးပင်ဖြစ်သည်။

"ရှဲ ... "

"ဟင်"

ရုတ်တရက်မြည်သွားသည့် အသံကြောင့်အားလုံးရဲ့ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ မျက်လုံးတွေကဟိုကြည့်ဒီကြည့်လုပ်လိုက်၏။

"ဘာမှမဟုတ်ပါဘူး ဝါးရုံတွေလေတိုက်တာ"

ဦးငွေတိုးပြောလိုက်ရာ အားလုံးရဲ့အကြည့်တွေက ဝါးရုံပင်များဆီသို့ ရောက်သွားသည်။

"ဟာ ... သူ ... သူဌေး ... ဟိုမှာ ... "

"ဘာလဲကွ"

သူဌေးရဲ့တပည့်တစ်ယောက်ဖြစ်သည့် ဖိုးလုံးရဲ့အသံကြောင့် အားလုံးက ဖိုးလုံးပြရာကိုကြည့်လိုက်ကြသည်။

"ဟင် ... ဖျာလိပ်ကြီး"

ဝါးရုံပင်အောက်ခြေတွင် ဖျာလိပ်ကြီးကိုတွေ့လိုက်ရ၍ အားလုံးထိတ်လန့်ကြောက်ရွံ့သွားသည်။

"အထဲမှာ ... ဘာ ... ဘာလဲမသိဘူး"

"ဘာရှိမလဲကွ ... အလောင်းပဲနေမှာပေါ့၊ ဘယ်ရွာကလာချထားလဲ မှမသိတာ"

ဒီသချိုင်းကို သူတို့ရွာတစ်ရွာထဲကလာချကြတာမဟုတ် ရွာအနီးအနားကရွာတွေအပြင် ကွင်းထဲနေသူများပါလာ၍ မြှုပ်နှံလေ့ရှိသည်။

သူကြီးကစူးစမ်းစွာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... သွားကြည့်ကြမယ်"

"ဖြစ်ပါ့မလား ... "

"ဘယ်ကအလောင်းလဲဆိုတာ သူကြီးတစ်ယောက်အနေနဲ့ ကျုပ်သိသင့်တာပေါ့ တော်ကြာရာဇဝတ်မှုတွေနဲ့ပတ်သက်လာရင် ဘယ်လိုလုပ်မလဲ"

သူကြီးပြောတာ သဘာဝကျသဖြင့် ဦးငွေတိုးခေါင်းညိတ်လိုက်သည်။

"အင်းလေ ... သူကြီးသဘောပဲ"

"လာ ... သွားကြည့်ကြမယ်"

သူကြီးက မီးတုတ်ကြီးကိုင်၍ ဖျာလိပ်ပတ်ထားသောအလောင်းကောင်ဆီသို့ တရွေ့ရွေ့တိုးလို့လာသည်။ အနားရောက်သောအခါ ...

"ဟင်"

"ဖျာ ... ဖျာလိပ်ကြီးကလှုပ်နေတယ်"

သူကြီး သူ့မျက်လုံးကိုတောင်သူမယုံချင် ဖျာလိပ်ကိုဆွဲဖြည်မည့်စိတ်ကူးလည်းပျောက်လို့သွားသည်။ ဦးငွေတိုးရဲ့တပည့်တွေလည်း တစ်ယောက်နှင့်တစ်ယောက်ပူးကပ်လို့သွားကြသည်။

ဦးငွေတိုးက ...

"ထား ... ထားလိုက်ပါဗျာ၊ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲကောင်းပါတယ်"

"အင်း"

သူကြီးကခေါင်းညိတ်လိုက်ပေမယ့် ဖျာလိပ်ကြီးကိုတော့ထိတ်လန့်စွာလှမ်းကြည့်လိုက်သေးတော့သည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

"ဤသချိုင်းကိုစောင့်သောအစောင့်ကြီးဟာ ဤကြက်ကြော် အရက်တို့ကိုကျွန်ုပ်တို့မှကျွေးမွေးပါသည်၊ အစောင့်ကြီးပိုင်ဆိုင်သော ဤသချိုင်းမှာ ကျွန်ုပ်တို့ အလောင်းတစ်လောင်းအားဖော်မည်ဖြစ်သည်၊ ဘာအနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ ပြီးမြောက်အောင် အစောင့်ကြီးမှကူညီပါ"

ဦးငွေတိုးက သူ့တပည့်တစ်ယောက်ဖြစ်သည့် အောင်တင့်ကိုသချိုင်းစောင့်အား ပသသည့်တာဝန်ပေးထား၍ အောင်တင့်က လုပ်စရာရှိတာများကို လုပ်ဆောင်လို့နေသည်။

ပန်းကန်ထဲတွင်ထည့်ထားသည့် ကြက်ကြော်ဘေး၌ အဖုံးဖွင့်၍ချထားသည့် ချက်အရက်တစ်လုံးကို အုတ်ဂူတစ်လုံးပေါ်တွင်တင်၍ထားလိုက်သည်။

"သူကြီး မျိုးမျိုးဇင်မြေပုံကာဘယ်နေရာလဲ"

"ဟိုဘက်နားက မြေမို့မို့ပဲ"

သူကြီးက လက်ညှိုးထိုးပြလိုက်ရာ ဦးငွေတိုးကသူ့တပည့်များကိုမေးငေါ့ပြလိုက်၏။

ဦးငွေတိုးတပည့်များကလည်း မြေပုံနားသွားကာပေါက်တူးကို မြှောက် လျက်မြေပုံကို စတင်၍တူးလိုက်သည်။

"ဂိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

ငှက်ဆိုးတစ်ကောင်က မြေတူးနေသူတွေရဲ့ခေါင်းပေါ်ဝဲပျံကာနေ၍ အော်မြည်နေသည်။

သူကြီးနှင့်ဦးငွေတိုးတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်နှာပျက်နေကြသည်။

"ခစ် ... ခစ် ... ခစ် ... ဟင်း ... ဟင်း"

"ဟင်"

ရယ်သံက သချိုင်းထဲတွင် ပီပီပြင်ပြင်ထွက်ပေါ်လို့လာသည်။

"ဦးငွေတိုး ... "

"မျိုး ... မျိုး ... ဖင်ရဲ့အသံ"

မြေကျင်းတူးနေသူတွေလည်း ရပ်လိုက်ပြီးရယ်မောသံကို အထိတ်တလန့်နှင့်နားထောင်နေကြသည်။

"ခစ် ... ဟင်း ... ဟင်း"

ဦးငွေတိုးရဲ့တပည့်တွေက မြေကျင်းတူးနေတာကိုပဲရပ်လိုက်ရမလား ဘာဆက်လုပ်ရမှန်းမသိဖြစ်နေကြသည်။

ထိုစဉ် ...

"ဖလပ်"

"ဟာ"

အသံကြား၍လှည့်ကြည့်လိုက်ရာ အုတ်ဂူပေါ်တင်ထားသည့် ပန်းကန်ထဲမှကြက်ကြော်နှင့်အရက်ပုလင်းတို့ကို ဂူဘေးမှလက်မည်းကြီးထွက်လာကာ အောက်သို့ဆွဲချသွားတော့သည်။

သူကြီးနှင့် ဦးငွေတိုးတို့လည်း ကိုယ့်မျက်လုံးကိုယ်တောင်မယုံချင်-

"သူ ... သူဌေး ... ဘာလုပ်ရမလဲ"

ဖိုးလုံးကလှမ်းမေးရာ သူဌေးဦးငွေတိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"တူးကွာဆက်တူး ... "

"ဟုတ် ... ဟုတ်ကဲ့"

ဦးငွေတိုးရဲ့တပည့်တွေက ကြောက်ကြောက်နှင့်တူးနေရတာကြောင့် အလုပ်ကသိပ်မပြီး ... ကြောက်စိတ်ကလည်း လွှမ်းမိုးနေတာလည်းပါ၏။

"ဟင် ... နံလိုက်တာ"

"ဟုတ် ... ဟုတ်တယ်ကွ"

အလွန်နံစော်နေသည့် ပုပ်နံ့ဆိုးကြီးထွက်ပေါ်လာရာ အားလုံးက နှာခေါင်းကိုပိတ်ထားကြသည်။

"ခစ် ... ခစ် ... ဦးငွေတိုး ... "

"ဟင်"

ရယ်မောသံနှင့်အတူ ဦးငွေတိုးရဲ့နာမည်ခေါ်သံကြားရ၍ အားလုံးကြက်သေသေသွားကြသည်။

ထိုစဉ် ...

"ဝုန်း"

"အမလေးဗျ"

မြေကျင်းတူးနေသူတွေရှေ့သို့ အနက်ရောင်အခေါင်းတစ်လုံး ပစ်ချလာလေရာ ကြောက်လန့်တကြား ပိုင်းအော်လိုက်ကြသည်။

ပြေးသည့်သူတွေကလည်း ထွက်ပြေးလို့သွားသလို ကြောက်ရွံ့စိတ်များ၍ ကြောင်ရပ်နေသူတွေကလည်းရှိသည်။ ထိုထဲတွင် ... သူကြီးနှင့်ဦးငွေတိုးလည်း ပါ၏။

အနက်ရောင်အခေါင်းရဲ့ အပြင်ဘက်နံရံတွင် ရေးထိုးထားတာက

"ဦးငွေတိုး ... "

ရဲ့နာမည်ပင်ဖြစ်သည်။

ပထမဆုံး သတိဝင်လာတာကသူကြီးပင်ဖြစ်၏။

"ဦးငွေတိုး အခြေအနေမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူကြီးက ဦးငွေတိုးပခုံးကိုပုတ်ကာပြောတော့ ဦးငွေတိုးလည်းသတိဝင်လာကာအခေါင်းအနက်ကြီးကိုကြည့်၍ ထိတ်လန့်စွာနှင့် သင်္ချိုင်းထဲမှ ပြေးထွက် လာသည်။

ဦးငွေတိုးရဲ့နောက်မှာတော့ သူကြီးနှင့်ဦးငွေတိုးတပည့်များပင်ဖြစ်သည်။

သူတို့ အလုအယက်ကိုပြေးထွက်လာပေမယ့် သင်္ချိုင်းထဲမှရယ်မောသံကြီးကတော့ ထိတ်လန့်ကြောက်မက်ဖွယ် ထွက်ပေါ်လို့လာလေတော့သည်။

"ဟား ... ဟား ... ဟား"

"ခစ် ... ခစ် ... ခစ်"



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေတစ်ကောင်တောင်ပါလာတယ်
ခြံပြင်မှာစောင့်နေတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

## ကလေးတွေကျူးမယ့်အကျူး

"ဗျို့ ... သူကြီး ... "

အလွန်ကျယ်လောင်သောအသံဖြင့် ခြံဝမှအော်လိုက်တာကြောင့် သူကြီး လှမ်းကြည့်လိုက်သည်။

"ဟင် ... သုဘရာဇာ"

အချိန်ကလည်း မမှောင်တမှောင် ညနေနေဝင်မိုးချုပ်စအချိန်ဖြစ်နေသလို သုဘရာဇာကြီးကလည်း အပေါ်အင်္ကျီမပါ ညစ်ထေးနေသော ပုဆိုးကို ခါးတောင်းကျိုက်လို့ထားသည်။

အသားအရေက မဲမှောင်လို့နေသလို ပြူးကျယ်လှသည့်မျက်လုံးကြီးများဖြင့် သူကြီးခြံထဲသို့စိုက်ကြည့်၍ ...

"သူကြီးထွက်လာမလား ကျုပ်ဝင်လာခဲ့ရမလား"

"ဝင်ခဲ့ သုဘရာဇာ"

သူကြီးကခြံအပြင်သို့ထွက်မတွေ့လို ... အထဲသို့ခေါ်ပြောလည်း စိတ်ကမသန့် ...



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူကြီးဆိုတော့လည်း ငြင်းလို့ကောင်းတာမှမဟုတ်တာကြောင့် အထဲ သို့သာခေါ်လိုက်သည်။

သုဘရာဇာကြီးက သူကြီးရှေ့ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီး ...

"ကျုပ်ကိစ္စရှိလို့လာတာ"

"ပြောဘာကိစ္စလဲ သုဘရာဇာ ... နေ့လည်ခင်းထွက်ခဲ့ပြီးရော"

"နေ့လည်ပိုင်းမအားဘူးဗျ၊ မသာမြေမြှုပ်နေရသေးတယ်"

သုဘရာဇာကြီးက စားပွဲပေါ်မှရေနွေးကြမ်းအိုးကို ကောက်ကိုင်ကာ အဖုံးကိုဖွင့်၍ လက်ဖက်ခြောက်ကို ယူထဲ့လိုက်သည်။ သူကြီးမျက်နှာကပျက်လို့သွား၏။

သုဘရာဇာရဲ့လက်နှင့်ထိတာကို မကြိုက်တာလည်းဖြစ်သည်။

"ကိစ္စက ... "

"ကျုပ်သချိုင်းကိုမနေ့ညက လူဝင်သွားတယ်"

"ဟင်"

သူကြီးပျက်နေသည့် မျက်နှာကိုချက်ချင်းပြင်လိုက်သည်။ မသိဟန် ဆောင်၍ ...

"ဘာဝင်လုပ်သွားလို့လဲ"

"အလောင်းဖော်ဖို့လုပ်တယ်နဲ့တူပါတယ်ဗျာမြေကျင်းကိုဖော်ထားတာ တွေ့တာပဲ"

"အလောင်းပါသွားလား"

"မပါလို့ပေါ့ဗျာ ... ကျုပ်သချိုင်းကအလောင်းပါသွားလို့ကတော့ မရရအောင်လိုက်ရှာမှာ ကျုပ်ကအလောင်းတွေကို ထိန်းသိမ်းရတဲ့သူလေ"

သုဘရာဇာကြီးကအားနှင့်မာန်နှင့်ပြောတာကြောင့်သူကြီးစိတ်ချက် တွန့်လို့သွားသည်။

"ခင်ဗျားသချိုင်းထဲလူဝင်တာ ခင်ဗျားမနိုးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကအိပ်ရင်မသာလာဖိရင်တောင် နိုးတာမဟုတ်ဘူးခက်တယ်
သူနိုးဆိုတာ ရွာထဲအရပ်ထဲခိုးပေါ့ သချိုင်းလာပြီးအလောင်းခိုးရတယ်လို့"

"ကျုပ်ဘာလုပ်ပေးရမလဲ"

သူကြီးကဟာန်ပါပါနှင့်မေးလိုက်သည်။

"ကျုပ်လာအသိပေးတာပါ နောက်တစ်ခါသချိုင်းထဲ အလောင်းလာ
တာ:ခိုရင် ကျုပ်အကောင်တွေနဲ့လွှတ်လိုက်မယ်"

"ဘယ်အကောင်တွေလဲ"

သူကြီးကသုဘရာဇာကြီးပြောတာကို နားမလည်၍မေးလိုက်သည်။

"တစ္ဆေတွေလေ ဘာလဲသူကြီးမယုံလို့လား ... အခုတောင်တစ်ကော
ပါလာတယ်"

"ဟင် ... ဘယ်မှာလဲ"

သူကြီးကအထိတ်တလန့်နှင့် မေးလိုက်သည်။

"ခြံဝမှာပါဗျာ၊ အထဲခေါ်မလာပါဘူး။ သူကြီးကို ပြောပြီးပြီနော် သချိုင်း
သာလို့လူသေရင် သုဘရာဇာသတ်တာမဟုတ်ဘူး တစ္ဆေသတ်တာ"

သုဘရာဇာကြီးက ပြောလည်းပြောပြန်ရန် မတ်တတ်ထရပ်လိုက်
သည်။

သူကြီးက ...

"ခင်ဗျားအလောင်းတွေကို ချက်ချင်းသင်္ဂြိုဟ်လား နောက်မှသင်္ဂြိုဟ်
လား"

"လူစုလူဝေးနဲ့လာချရင် ချက်ချင်းသင်္ဂြိုဟ်ပေးတာပေါ့၊ တချို့အလောင်း
တွေကအချိန်မတော်ရောက်လာရင် ဒီအတိုင်းထားလိုက်တာပဲ ...
နောက်နေ့မှ သင်္ဂြိုဟ်လိုက်တယ် ဘာဖြစ်လို့လဲသူကြီး ... "

"ဘာ ... ဘာမှမဖြစ်ပါဘူး"

သူကြီးလည်း မသိသလိုနှင့်စကားကို ပြန်ထိန်းလိုက်သည်။

သုဘရာဇာကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်သူကြီး မသာတစ်လောင်းတောင်မမြှုပ်ရသေးဘူး"

"အင်း ... အင်း"

သူကြီးကခေါင်းညိတ်လိုက်စဉ် သုဘရာဇာကြီးကခြေလှမ်းကျဲကြီးများဖြင့် မြို့ထဲမှထွက်လို့သွားတော့သည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

"ဟာ … ဘဘကြီးလာတယ် အပေါ်တက်ဘဘကြီး"

"ရပါတယ်ကွာ ကွပ်ပျစ်မှာပဲထိုင်လိုက်တော့မယ်"

သုဘရာဇာကြီးကတဲအောက်တွင်ထိုင်တော့ သားထူးနှင့်ဝေဇင်တို့က ကွပ်ပျစ်အောက်ဘက်နားတွင်ထိုင်လိုက်ကြသည်။

"သားနဲ့သမီးစားရသောက်ရတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ်ဘဘကြီးရယ် ကပ္ပိယကြီးနဲ့ဆရာတော်က ဆွမ်းကျန်ဟင်းကျန်တွေကိုအမြဲပေးပါတယ်"

"တော်သေးတာပေ့ါကွယ်၊ မင်းတို့မောင်နှမအားမငယ်နဲ့ ဘဝဆိုတာဒီလိုပဲ၊ ဘယ်တော့မှအရှုံးမပေးရဘူး"

"ဟုတ်ကဲ့ဘဘကြီး"

သားထူးတို့မောင်နှမနှစ်ယောက်လုံးက ခေါင်းညိတ်လိုက်ကြသည်။

"သားကညီမလေးကို အမြဲစောင့်ရှောက်၊ စာကိုလည်းတတ်အောင်သင်၊ လိုအပ်တာဘဘကြီးပံ့ပိုးပေးမယ်"

"ဟုတ်ကဲ့ပါ"

သုဘရာဇာကြီးက ပုဆိုးကြားတွင်လိပ်ထားသည့် ပိုက်ဆံတို့ကို ထုတ်၍သားထူးအားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတွေမနည်းပါလား ဘဘကြီး"

"သားတို့လိုအပ်တာသုံး၊ ရှိတိုင်းလည်းအများကြီးမသုံးရဘူး စေ့စေ့ငှငှသုံး"

"ဘဘကြီးရယ် ... "

သူဘရာဇာကြီးရဲ့စေတနာကို မောင်နှမနှစ်ယောက်လုံးမျက်ရည်တွေဝိုင်းသည်အထိကျေးဇူးတင်ကြသည်။

"သားက ညီမလေးကို အဝတ်အစားဝယ်ပေးချင်နေတာ ဘဘကြီးရဲ့"

"အဲ့ဒီအတွက်မပူနဲ့ ဘဘကြီး မြို့ကိုလူကြုံနဲ့မှာလိုက်မယ် အခုပိုက်ဆံတွေကညဘက်မီးထွန်းရင် ရေနံဆီဝယ်ဖို့ တခြားစားချင်တာစားဖို့ပဲ ကျန်တာဘဘကြီးစီစဉ်ပေးမယ်"

သားထူးရဲ့ရင်ထဲမှာ အလွန်ကျေနပ်သွားသည်။ ဘုန်းကြီးကျောင်းမှလွဲ၍တစ်ရွာလုံးက သူတို့မောင်နှမကိုကျင်ထားကြတာလေ။ မီးထွန်းရန်ရေနံဆီမရှိ၍အမှောင်ထဲမှာ မောင်နှမနှစ်ယောက်နေခဲ့ရတဲ့ ရက်တွေမနည်းတော့။

သူကတော့ကိစ္စမရှိ သူ့ညီမလေးကမနက်ပိုင်း မုန့်စားချင်သည် ပိုက်ဆံကမရှိတော့ မကျွေးနိုင် ... အခုတော့ ...

"တစ်ခုတော့ရှိတယ် သားနဲ့သမီးပိုက်ဆံကို အများကြီးမကိုင်ထားနဲ့ လိုသလောက်နဲ့သွားဝယ်စား၊ ပိုက်ဆံဆိုတာ များများကိုင်ထားရင်အန္တရာယ်များတယ်"

"သားမသုံးပါဘူး ညီမလေးပဲသုံးပါစေ"

"ကိုကိုလည်း မုန့်စားပါ"

"ရတယ်ညီမလေးရဲ့ ကိုကိုကဘုန်းကြီးကျောင်းမှာစားရတယ်"

မောင်နှမနှစ်ယောက် ပြောနေကြတာကိုသူဘရာဇာကြီးက ချစ်ခင်စွာကြည့်၍ ...

"ဘယ်သူ့မှမစားရင် ငါပြန်ယူသွားမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... "

"ခစ် ... ခစ် ... "

သားထူးတို့မောင်နှမနှစ်ယောက်လုံးက ရယ်နေကြသည်။

သားထူးက ...

"ဘဘကြီး သားကိုရင်ဝတ်ချင်ထယ်"

"ဟေ ... ဘာလို့လဲကွ"

"ရွာထဲမှာပြောနေကြတယ် မေမေကမကျွတ်ဘူးတဲ့ တစ္ဆေမကြီးဖြစ်ပြီး လိုက်ခြောက်နေတယ်တဲ့ ဘဘကြီးရယ် ...

မေမေကျွတ်လွတ်အောင် သား ကိုရင်ဝတ်ချင်တာပါ"

"ဟင်း"

သူဘရာဇာကြီးက မိခင်ပေါ်ထားသည့်သားတစ်ယောက်ရဲ့ စေတနာ သက်ပြင်းချလောက်အောင် စိတ်မကောင်းဖြစ်လို့သွားသည်။

သူ ... လူသေအလောင်းပေါင်းမြောက်မြားစွာမြှုပ်ခဲ့သည်။ တစ်ခါ စိတ်မကောင်းမဖြစ်ခဲ့။

အခုတော့ ...

"ဖေဖေကတော့ပြောဖူးပါတယ်၊ သားကိုရှင်ပြုပေးပြီး ညီမလေး နားသပေးမယ်တဲ့ တို့မိသားစုတွေ အလှူကြီးပေးကြမယ်လို့ပြောတယ် ...

ဒါပေမယ့် ဖေဖေကထောင်ထဲရောက် မေမေက ... "

သားထူးမျက်ရည်ကျရပြန်သည်။ သားထူး ငိုတော့သူ့ညီမလေး ဝေဖင်ကလည်းငိုသည်။

သူဘရာဇာကြီးက စိတ်မကောင်းစွာနှင့် ...

"ကဲပါ ... သားနဲ့သမီးရယ်၊ သားတို့သမီးတို့ဆန္ဒတစ်နေ့ပြည့်စေရ ဘဘကြီးသွားတော့မယ်"

သူဘရာဇာကြီးက ကွပ်ပျစ်ပေါ်မှဆင်း၍ ခြံအပြင်ဘက်လျှောက်ထွက် စဉ် ... သားထူးနှင့်ဝေဖင်တို့နောက်မှပြေးလိုက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီး"

"ဟေ ..."

"သမီး မုန့်မစားတော့ဘူး ဘဘကြီး။ ရွာထိပ်ကကိုးတောင်ပြည့်စေတီတော်လေးကို ထုံးသင်္ကန်းကပ်ချင်တယ် မေမေကုသိုလ်ရအောင်ပါ"

ဝေဖင်လေးရဲ့ စကားကိုကြားတော့ သူဘရာဇာကြီးက ဒူးထောက်ကာ ထိုင်ချလိုက်ပြီး ...

"ဘဘဘဝမှာ မိဘကျေးဇူးကိုသိတတ်တဲ့သူတွေကို လက်တွေ့တွေ့တာ ခုထမဆုံးပါပဲသမီးရယ်၊ သမီးမုန့်စားဖို့ ထုံးသင်္ကန်းကပ်ဖို့ ဘဘကြီးသပ်သပ်ပေးပါ့မယ်"

"ရပါတယ် ဘဘကြီး မုန့်မစားရတာကြာတော့အကျင့်ဖြစ်နေပြီး မစားတော့ပါဘူး။ ဘုရားအတွက်ပဲလှူလိုက်မယ်နော်"

"သမီးရယ်"

သူဘရာဇာကြီးက ဝေဖင်လေးရဲ့ပခုံးနှစ်ဖက်ကို တယုတယကိုင်ထားလိုက်သည်။

"မေမေ့ကိုပြောလိုက်ပါနော် သမီးမေမေ့အတွက်အမြဲဆုတောင်းပေးနေတယ်လို့"

"အေးပါကွယ်"

သူဘရာဇာကြီးက မတ်တတ်ရပ်ကာလှည့်ထွက်သွားတော့ သားထူးအသူညီမလေးပခုံးကိုဖက်ကာ သူဘရာဇာကြီးကျောပြင်ကိုကြည့်၍ ကျန်ခဲ့လေတော့သည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

အသံနက်ကြီးကသာအမှောင်မှာ
ကြောက်မက်ဖွယ်
ထွက်ပေါ်လို့လာသည်။
“နင့်ကိုသင်္ချိုင်းကိုလာခေါ်တာတဲ့”



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၈)

## အိမ်လိုလာတဲ့တရွေ

“ဟဲ့ ... နင့်လက်ထဲမှာပိုက်ဆံတွေ နင်ဘယ်ကရလာလဲ ပြောစမ်း”

ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ပုမကဆိုင်ထဲဝင်လာသည့် ဝေဖင်ကိုကြည့်ကာ မေးလိုက်သည်။ ဝေဖင်လေးကကြောက်ကြောက်နှင့် ပိုက်ဆံကိုလက်ထဲတွင် အတင်းဆုပ်လို့ထား၏။

“ဟဲ့ ... ငါမေးနေတာဖြေလေ”

“ဟင့်အင်း ... ”

ဒေါ်ပုမကိုကြောက်နေ၍ ဝေဖင်လေးခေါင်းခါလိုက်သည်။

“နင်ခိုးလာတာပဲနေမှာ ပေးစမ်းပိုက်ဆံ”

“ဟင့်အင်း”

ဝေဖင်လေးကခေါင်းခါ၍ ငြင်းလိုက်သည်။ ဒေါ်ပုမကဝေဖင်လေးရဲ့ လက်ကိုအတင်းဆွဲ၍ လက်ကိုအတင်းဖြည်သည်။

“ပေးစမ်း”

“ဟီး ... မလုပ်ပါနဲ့မေမေအတွက် ဘုရားကိုထုံးသက်နံ့လှူချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဝေဇင်ကငိုလည်းငိုပြောလည်းပြောသည်။ ပိုက်ဆံရတဲ့အလုပ် မလုပ်တတ်သေးသည့် သူတို့မောင်နှမမှာပိုက်ဆံရှိတာ ဒေါ်ပုမအတွက်သံသယ ဝင်စေသည်။

"နင်ခိုးထားတာပဲဖြစ်မယ်၊ ဒါမှမဟုတ် နင့်အစ်ကို ဘုန်းကြီးကျောင်းက ခိုးတာပဲနေမှာ ... "

"မဟုတ်ဘူး ကိုကိုမခိုးဘူး"

"ပေးစမ်းဆို ငါလုပ်လိုက်ရ"

ဝေဇင်လေးကလည်း ပိုက်ဆံကိုလက်ထဲ အတင်းဆုပ်လို့ထားသည်။

"ဟီး ... ဟီး ... "

ဝေဇင်လေးရဲ့ငိုသံ ဒေါ်ပုမရဲ့အော်သံကြောင့် တဖြည်းဖြည်းနှင့်လူတွေ ဝိုင်းလို့လာသည်။

"ဘာဖြစ်တာလဲ မပုမ"

"သူခိုးမလေး ... လက်ထဲမှာပိုက်ဆံတွေ့လို့ မေးနေတာမဖြေဘူး"

"မဟုတ်ဘူး ... သမီးပိုက်ဆံ"

"သူကပိုက်ဆံ ဘယ်မှာရှိမှာလဲ သူများဆီကခိုးတာပဲနေမှာပေါ့"

"အင်း ... ဟုတ်နိုင်တယ်"

"ဒီကောင်မလေး ... ဘယ်ကရလို့လဲ"

တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ပြောဆိုနေကြစဉ် ရွာမှကာလသား ခေါင်းတင်စန်းရောက်လို့လာပြီး ...

"ကလေးကို အရမ်းမခြောက်နဲ့လေ အေးအေးဆေးဆေးမေးပေါ့ ခင်ဗျားတို့က ဘာမှန်းမသိဘူး စွပ်စွဲနေတယ်"

"ဟဲ့ ... နင်နေရာတကာမပါနဲ့ ရွာထဲမှာသူခိုးမွေးမထားနိုင်ဘူး ဆုံးမတာန်ရင်ဆုံးမရမယ်"

ဒေါ်ပုမကတင်စန်းကို ရန်တွေ့လိုက်သည်။

"ခင်ဗျားကဆုံးမတာနဲ့မတူဘူး။ အနိုင်ကျင့်နေတာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ဘာဆိုင်လို့လဲ"

"အမြင်မတော်လို့ဗျ"

"အမြင်မတော်ရအောင် နင်နဲ့မွေးထားတာလား တစ္ဆေမကိုမယား တော်ချင်တဲ့ဟာနဲ့ အခုမှလာတွေ့တယ်"

"ခင်ဗျားမမိုက်ရိုင်းနဲ့ ဒီကလေးတွေကိုတစ်ရွာလုံးက ဝိုင်းနှိမ်နေကြတာ ဘာအကြောင်းရှိလို့လဲ၊ တကယ်ဆိုမိမဲ့ဖမဲ့ကိုကူညီရမှာ ခုလည်းဘာမှသေချာ မသိဘဲနှိပ်စက်အနိုင်ကျင့်ချင်တယ်"

"အမလေးဟဲ့ ခုမှမျိုးမျိုးဖင်လင်ငယ်နဲ့လာတွေ့နေတယ်"

ဒေါ်ပုမကပါးစပ်ကလည်းကြမ်း လူကလည်းကြမ်းတာကြောင့် အသံက ဆူညံလို့နေသည်။

"ကဲပါ သူကြီးအိမ်ကိုသာ ဒီကောင်မလေးကိုခေါ်လာခဲ့ လမ်းမှာရှင်း လို့ပြီးမှာမဟုတ်ဘူး"

"ဟုတ်တယ်သူကြီးနဲ့ ရှင်းတာကောင်းတယ်"

တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရာ ဒေါ်ပုမကဝေဖင်လေးရဲ့လက်ကို ဆွဲ၍ သူကြီးအိမ်သို့ရှေ့မှ ဦးဆောင်ကာသွားတော့သည်။

နောက်မှလည်း တင်စန်းအပါအဝင်ရွာသူရွာသားတစ်ချို့လိုက်ပါလို့ သွားကြ၏။

သူကြီးအိမ်ရောက်သောအခါ သူကြီးက ...

"ဘာဖြစ်လာတာလဲဟေ့ ... "

"သူခိုးဖမ်းလာတာသူကြီးရေ သူခိုးဖမ်းလာတာ ... "

"ဟေ"

သူကြီးမျက်လုံးပြူးလို့သွားသည်။ ဒေါ်ပုမလက်နဲ့ဆုပ်ခေါ်လာတာ မျိုးမျိုးဖင်သမီးလေး ဝေဖင်ဖြစ်နေသည်။

"ဒီကောင်မလေးပိုက်ဆံတွေကိုင်ပြီး ဈေးလာဝယ်တယ်ပိုက်ဆံဘယ်က ရလဲမေးတာ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝေဖင်လေးကဆံပင်တွေဖရိုဖရဲ မျက်နှာပေါ်မှာလည်း မျက်ရည်စီးကြောင်းတို့ဖြင့် ညစ်ပေလို့နေသည်။

"ကလေးမ လာစမ်း"

သူကြီးကလှမ်းခေါ်လိုက်ရာ ဝေဖင်ကသူကြီးရှေ့သို့လက်ကလေးပိုက်ကာ မတ်တပ်ရပ်လိုက်သည်။

"ပိုက်ဆံတွေရှိတယ်ဆို ပြစမ်း"

"ဟင့်အင်း ..."

ဝေဖင်လေးကလက်ကို ပို၍တင်းတင်းဆုပ်လိုက်သည်။ ကလေးဆိုတော့ သူ့ပိုက်ဆံပါသွားမှာကို နှမြောနေမိတယ်လေ ...

"ဟုတ်ပါပြီလေ ပိုက်ဆံတွေဘယ်ကရလဲ ကလေးမ"

"ဟို ... ဟို ... "

သုဘရာဇာကြီးပေးသွားတာကို ပြောရင်ကောင်းမလားဟု ဝေဖင်တွေးလိုက်သည်။

သူကြီးက ...

"ကလေးမအစ်ကိုပေးတာလား မှန်မှန်ပြောစမ်း"

"မ ... မဟုတ်ပါဘူး"

"မဟုတ်ရင်ဘယ်ကရလဲ မပြောရင်တစ်နေကုန် နေပူလှန်းလိုက်မယ်နော်"

သူကြီးကခြိမ်းခြောက်လိုက်ရာ ဝေဖင်မျက်လုံးအိမ်ထဲတွင် မျက်ရည်များဝိုင်းလို့သွားသည်။

"မေးနေတယ်လေ ... "

"သုဘရာဇာ ဘဘကြီးပေးတာ ... "

"ဟင်"

"ဟေ"

သူကြီးနှင့်နားထောင်နေသူအားလုံး အံ့အားသင့်ပို့သွားကြသည်။

www.burmeseclassic.com



သုဘရာဇာပိုက်ဆံဆိုတော့ ရှုံ့ရှာတဲ့အကြည့်နှင့်ဒေါ်ပုမက ဝေဇင့်လက်ထဲကပိုက်ဆံကိုကြည့်လိုက်သည်။

"အမှန်ကိုပြောနော်ကလေးမ လိမ်တာငါမကြိုက်ဘူး"

"သမီးတကယ်ပြောတာပါ"

"သုဘရာဇာက ဘာကိစ္စ ပိုက်ဆံပေးရတာလဲ"

သူကြီးကဝေဇင်မျက်နှာကို သေချာကြည့်၍မေးလိုက်သည်။

"သမီးမုန့်စားဖို့ပါ ... သမီးကမုန့်မစားဘဲရွာထိပ်ကဘုရားမှာ ထုံးသက်န်းကပ်ဖို့သွားဝယ်ရင်းဒေါ်ကြီးကသူခိုးလို့ပြောတာ"

"အမှန်ပဲနော် ငါသုဘရာဇာကြီးကို မေးကြည့်မှာ"

"မေးပါဘဘ သမီးမလိမ်ပါဘူး"

"အေး ... ရွာထဲမှာခိုးဝှက်ဖို့တော့မကြံနဲ့နော် နင်တို့မောင်နှမကို ရွာပြင်ထုတ်ထားလိုက်မှာ"

"ဟုတ် ... ဟုတ်ကဲ့"

"သွားတော့ ... "

သူကြီးကပြောတော့ ဝေဇင်လေးကလက်ထဲမှပိုက်ဆံကို ဆုပ်၍ပါးပေါ်သို့ မျက်ရည်များစီးကျကာ သူကြီးခြံထဲမှ တစ်လှမ်းချင်းထွက်လာတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"အု ... အူး ... ငူး ... "

ခွေးအူသံတွေက ဆူညံလွန်းစွာထွက်ပေါ်လို့လာသည်။ ဒေါ်ပုမလည်း အိပ်နေရာမှဆတ်ခနဲ လန့်နိုးလို့လာကာသူ့အိမ်ရှေ့တည့်တည့်မှာ လာအူနေသည့်ခွေးတွေရဲ့အသံကို နားစွင့်လိုက်သည်။

"ဖုတ်"

"ဟင်"

သူ့အိမ်အမိုးပေါ်သို့ခဲကျသည့် အသံကိုကြားရ၍ခေါင်းထောင်လိုက်သည်။

"အု ... အူး ... ငူး ... "

ခွေးတွေကလည်း အူလိုက်တာမှအဆက်မပြတ်တော့ ...

"ဒေါ် ... ပု ... မ"

"ဟင်"

အလွန်ကြောက်စရာကောင်းသည့် အသံနက်ကြီးဖြင့်သူ့နာမည်ခေါ်သံကြားလိုက်ရသည်။

"ဒေါ် ... ပု ... မ ... ထ ... စမ်း ... "

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အသံကအိပ်မီပေါက်ဝမှ ထွက်လာသည့်အသံဖြစ်သလို အသံအစ်အစ်ကြီး။ အသံကကြောက်ဖို့အလွန်ကောင်းတာကြောင့် ဒေါ်ပုမအသားတွေတဆတ်ဆတ်တုန်နေသည်။

"နင့် ... ကို ... လာ ... ခေါ် ... တာ ... "

"ရှင် ... ဘယ် ... ဘယ်ကိုလဲ"

"သင်္ချိုင်းကို ... သင်္ချိုင်းမှာ နင့်အတွက်မြေကျင်းအဆင်သင့်ရှိတယ်"

ဒေါ်ပုမအာခေါင်တွေ ခြောက်ကပ်လို့လာသလို ချွေးတွေကလည်းအသီးလိုက်ထွက်လို့လာသည်။

အသံသာကြားရသည် အကောင်ကိုတော့မမြင်ရ။

"ကျွန် ... ကျွန်မ ... "

"နင် ... အပြစ်မရှိတဲ့ကလေးကိုပြဿနာရှာတယ် နင့်ကိုအရှင်လတ်ပတ်သင်္ဂြိုဟ်မယ်"

ဒေါ်ပုမကြောက်အားကြီး၍ ခြေလက်တွေလှုပ်လို့မရတော့ အသံကြီးကသာ ဆည်းကြားလို့နေသည်။

"နင်မလာရင် ငါလာခေါ်မယ်"

"မ ... မလုပ်ပါနဲ့ ... အား ... "

ဒေါ်ပုမကငယ်သံပါအောင် ဟစ်အော်လိုက်ပြီးသတိလစ်ကာ မေ့မြောသွားတော့သည်။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

အခေါင်းထဲမှာအလောင်းကြီး ထထိုင်တာကို
မသာပို့သူတွေမြင်၍ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

## အခေါင်းထဲကပဒိန်းဇ

"အား ... အင့် ... အင့် ... "

ဒေါ်ပုမသတိရတော့ ခန္ဓာကိုယ်ကိုလှုပ်ကြည့်ရာ လှုပ်လို့မရတစ်စုံ တစ်ခုကသူ့ကိုချုပ်ကိုင်ထားသလိုခံစားရသည်။

"ငါ ... ဘယ်ရောက်နေတာလဲ"

မျက်လုံးဖွင့်ကြည့်လိုက်တော့ မဲမဲမှောင်မှောင်ကိုသာမြင်ရသည်။

"ဟင်"

ညကအဖြစ်အပျက်ကို တွေးမိတော့လွန်စွာထိတ်လန့်လို့သွားသည်။

"ဒူ ... ဝေ ... ဒူ ... ဝေ ... "

နားထဲတွင်လည်း ကြေးစည်ထုသံကိုကြားလိုက်ရသည်။

"အမလေးအမေရဲ့ ကျုပ်ကိုထားခဲ့ပြီလား"

"ဟင်"

မချိတင်ကဲငိုလိုက်သည့်အသံကြောင့် ဒေါ်ပုမ သူရောက်နေသည့် နေရာကိုသဘောပေါက်စပြုလာသည်။

"ငါ ... ငါရောက်နေတာ ... အခေါင်းထဲပြီးတော့မြေကျင်းထဲမှာ ငါ့ကိုဘယ်သူသင်္ဂြိုဟ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တုန်လှုပ်စိတ်နှင့် ရှိသမျှအားတို့ကို စုစည်း၍လက်ဖြင့် အခေါင်းအဖုံးကိုတွန်းဖွင့်လိုက်သည်။

"ဝုန်း"

အခေါင်းဘောင်ကိုကိုင်၍ ထထိုင်လိုက်ရာ မသာတစ်လောင်းကိုသချိုင်းထဲလာပို့သူများကိုတွေ့လိုက်ရသည်။

"ဟာ ... ဟို ... ဟိုအခေါင်းထဲက အလောင်းကြီးထထိုင်နေတယ်"

"ဟုတ်တယ်ဟေ့ ... ဘယ်ကမသာလဲ"

အခေါင်းထမ်းချလာသူတွေက သူ့ကိုထမ်းလာသည့် အခေါင်းကိုပစ်ချကာသချိုင်းထဲမှ ထွက်ပြေးလို့သွားသည်။

"မသာကြီးထလာတယ်"

"ဟဲ့နေပါဦး ငါ့အမေအလောင်းကိုလည်း သဂြိုဟ်ကြပါဦး ... "

"အမလေးဗျ ... နေ့လည်ခင်းတောင်သရဲခြောက်တယ်"

"ဟေ့ ... ဟေ့ ... နေကြဦးလေ"

ထိတ်လန့်တကြားပြေးထွက်သွားကြတဲ့ လူတွေကသူတို့မသာတောင် သူတို့မသဂြိုဟ်ကြ ...

ဒေါ်ပုမလည်းအခေါင်းထဲကထွက်၍ အုတ်ဂူများကိုဖြတ်ကာ မသာလာပို့သူတွေချ၍ထွက်ပြေးသွားသည်။ အခေါင်းမှနာမည်ကိုဖတ်လိုက်၏။

"မပု ... (၃၅)နှစ်"

"ငါကဒေါ်ပုမ အသက်က (၅၃)နှစ်တော်သေးတာပေါ့ ငါ့မသာမဟုတ်လို့"

သူ့စိတ်ထဲမှာ အားတွေရှိလို့လာသည်။ သချိုင်းဝသို့လမ်းလျှောက်ကာလာတော့ ပေါက်တူးကြီးထမ်းကာလာသည့် သုဘရာဇာကြီးကို လှမ်းတွေ့လိုက်သည်။

"သုဘရာဇာကြီး"

ဒေါ်ပုမကလှမ်းခေါ်လိုက်ရာ သုဘရာဇာကြီးကနားမလည်သလိုကြည့်၍ ...

"ခင်ဗျား ဟိုအခေါင်းထဲက မသာလား"

အခုမှလာချသည့်အခေါင်းကိုလက်ညှိုးထိုးကာ သုဘရာဇာကြီးကမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"မဟုတ်ရင်ဘယ်ကလဲ မသာလာပို့တဲ့လူလား ခင်ဗျားနဲ့ပါလာတဲ့ လူတွေကတော့ပြေးပြီ"

"ကျွန်မကိုမြင်လို့ပြေးကြတာပါ"

"ခင်ဗျားကို မြင်လို့ဟုတ်လား"

သုဘရာဇာကြီးကနားမလည်၍ မေးလိုက်သည်။

"ကျွန်မကိုယ်ကျွန်မ ဘယ်လိုလုပ်ဟိုအခေါင်းထဲမှာ ရောက်နေမှန်း တောင်မသိဘူး။ အိမ်မှာညကသရဲခြောက်ခံရလို့ သတိလစ်သွားတာ သတိရတော့ ဒီရောက်နေတယ်"

"ဟင်"

"ကျွန်မကို အခေါင်းထဲထည့်ပြီး . . . ဘယ်သူခေါ်လာတာလဲ ဟင် ... "

"ခင်ဗျားကိုယ်ခင်ဗျားတောင်မသိတာ ကျုပ်ကဘယ်လိုလုပ်သိမလဲ ခေါင်းတစ်လုံးသင်္ချိုင်းထဲရောက်လာတာ ကျုပ်အခုပဲမြေမြှုပ်မလို့

ခင်ဗျားကံကောင်းတယ်၊ တော်ကြာ အရှင်ကြီးနဲ့သင်္ဂြိုဟ်ခံနေရဦး မယ်"

"ဟုတ် ... ဟုတ်ကဲ့"

"ခုလည်း ဟိုမှာ အခေါင်းကိုထားပြီးပြေးကြပြီ ကျုပ်သင်္ဂြိုဟ်ရဦးမယ် ခင်ဗျားလည်းပြန်တော့"

"အင်း"

သုဘရာဇာကြီးကို ဒေါ်ပုမကခေါင်းညိတ်ပြကာသင်္ချိုင်းထဲမှထွက်လာခဲ့ တော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတာ ဘာအဓိပ္ပါယ်မှမရှိဘူး ဒေါ်ပုမ၊ ခင်ဗျားကိုယ်တိုင် ခင်ဗျား ဦးနှောက်မှမှန်ရဲ့လားပြန်တွေးဦး"

သူကြီးက သူ့ရှေ့ထိုင်ခုံမှာထိုင်နေသည့် ဒေါ်ပုမကိုပြောလိုက်၏။ ဒေါ်ပု မျက်နှာကလုံးဝမကောင်း ... သူရဲ့စိတ်တွေကလည်း အားငယ်လို့နေသည်။

"တကယ်ပြောတာပါ သူကြီးရယ် ၊ ကျွန်မကိုညဘက်အသံနက်ကြီး နဲ့လာခေါ်တာ ကျွန်မလည်းကြောက်အားကြီးပြီး သတိလစ်သွားတာလေ သတိပြန် ရလာတော့အခေါင်းထဲရောက်နေတယ်"

"အဓိပ္ပါယ်မရှိတာ ခင်ဗျားကိုဘယ်သူကအခေါင်းထဲထည့်သွားမှာလဲ အိပ်မက်များလား"

သူကြီးကမေးလိုက်၍ ဒေါ်ပုမကဆက်၍ ...

"ကျွန်မပြောတာတွေက အိပ်မက်မဟုတ်ပါဘူး သူကြီးရယ်၊ တကယ် အခေါင်းအဖုံးကိုအတင်းတွန်းဖွင့်ပြီးထွက်လာတာ မသာလာပို့သူတွေက ကျွန်မ ကိုသရဲထင်ပြီးထွက်ပြေးကြတယ်လေ"

"နေပါဦး ဘယ်သူ့မသာလဲ"

"မပုလို့ရေးထားတာပဲ (၃၅)နှစ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ရွာလယ်ကုန်းရွာက ပိုးထိလို့သေသွားတဲ့ကောင်မလေးပဲ၊ ကျုပ်ကိုစောင်ဖိတ်ထားသေးတယ် မအားတာနဲ့မပို့ဖြစ်ဘူး"

"ဟုတ်တယ် ကျွန်မဒီလိုဖြစ်လိမ့်မယ်လို့ စိတ်တောင်မကူးဖူးပါဘူး။ အခုတော့မသေခင်တည်းက အခေါင်းထဲရောက်နေတယ်"

သူကြီးက ဒေါ်ပုမပြောတာကိုငြိမ်၍နားထောင်လို့နေသည်။ ဒေါ်ပုမက ပြောရင်းပါးပြင်ပေါ်သို့မျက်ရည်များစီးကျလို့လာ၏။

"ကျွန်မအထင်တော့ ဟိုကလေးနှစ်ယောက်နဲ့ဆက်စပ်နေတယ်လို့ထင်တာပဲ"

"ဘာ ... ဘယ်လိုဒေါ်ပုမ"

"ဟုတ်တယ်သူကြီး၊ ဟိုသရဲမရဲ့ သမီးလက်ထဲမှာ ပိုက်ဆံတွေလို့ ကျွန်မကမဖြစ်သင့်တာမဖြစ်အောင် ဆုံးမတာကို သရဲမကသိလို့ ကျွန်မကို အခေါင်းထဲထည့်ခေါ်သွားတာနေမှာပေါ့"

"အင်း ... "

ဒေါ်ပုမပြောတာကို သူကြီးက ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်လို့ သွားသည်။

ထိုစဉ် ...

ရွာထဲမှာ နေရာတကာ စပ်စပ်စုစုပါတတ်သည့် ဒေါ်ငြိမ်းဆိုသည့် အဘွားကြီးသူကြီးခြံထဲသို့ဝင်လာသည်။

"သူကြီးရေသတင်းထူးပါတယ်"

"ဟင် ... ဘာသတင်းကတော့ အတော့်ကိုထူးတယ် သူကြီးရဲ့"

ဒေါ်ငြိမ်းကသူကြီးရှေ့ ဒေါ်ပုမထိုင်နေသည့် ထိုင်ခုံဘေးမှာဝင်ထိုင်လိုက်ပြီး ...

"ညကသန်းခေါင်ကျော်လောက်မှာ ကျုပ်အပေါ့ထသွားတုန်း ခြံရှေ့က နေ မည်းမည်းနဲ့အရိပ်ကြီးက ခေါင်းထမ်းပြီးရွာထဲကထွက်သွားတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးမျက်လုံးပြူးသွားသည်။ ဒေါ်ငြိမ်းသောကဒေါ်ပုမကိုလည်း လှမ်းရှုကြည့်လိုက်သည်။

"ကြောက်စရာကောင်းလိုက်တာ ပြောမနေနဲ့၊ ကိုယ်တွေမှိုယုံရတာ၊ ခေါင်းထဲမှာတယ်သူပါသွားလဲမသိဘူး"

ဒေါ်ငြိမ်းစကားကြောင့် ဒေါ်ပုမမျက်နှာလည်းပျက်လို့နေသည်။ သူကြီးကတော့ ဒေါ်ပုမပြောတာကိုစိတ်ထဲက ယုံလိုက်ရသည်။

ဒေါ်ငြိမ်းကိုတော့ ဖာဖာထေးထေးဖြင့် ...

"ဒေါ်ငြိမ်းစိတ်ထင်လို့နေမှာပါ၊ ညကလည်းမှောင်တော့ ဒေါ်ငြိမ်းအကြည့်မှားတာလည်း ဖြစ်နိုင်တာပဲ"

"မ ... မဟုတ်ဘူးသူကြီး"

"ကဲ ... တော်ပါတော့ဗျာ ... ကျုပ်လည်းရွာဦးကျောင်းကို သွားရဦးမယ်"

သူကြီးကစကားစကို ဖြတ်လိုက်ရာဒေါ်ငြိမ်းက မကျေမနပ်ဖြင့်ထထွက်သွားသလို ဒေါ်ပုမလည်းမျက်နှာမကောင်းစွာဖြင့် သူကြီးကိုနှုတ်ဆက်ကာ ထထွက်သွားသည်။

သူကြီးကတော့ထိုင်ခုံမှာ ဆက်ထိုင်ရင်းရွာထဲမှာဖြစ်ပျက်နေသည့် အဖြစ်အပျက်တို့ကိုတွေးရင်း သက်ပြင်းကိုအကြိမ်ကြိမ်ချမိတော့သည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေမျိုးဆက်ရဲ့သွေးနဲ့
တစ္ဆေကိုနိုင်မှာဆိုပြီး ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

**ဗိုးညိုကြီးဆရာ**

သူဌေးဦးငွေတိုးက အိမ်ရှေ့ခြံထဲတွင်ခေါက်တုန့်ခေါက်ပြန် လျှောက်လို့နေသည်။ သူလျှောက်နေသည့်နေရာရဲ့ ဘေးမှာတော့ သူ့တာပည့်တွေက မျက်နှာလေး ငယ်စွာနှင့်ရပ်လို့နေကြ၏။

ဦးငွေတိုးကခြံပေါက်ဝသို့ တကြည့်ကြည့်နှင့်စိတ်လောလို့နေသည်။

"ဟေ့ကောင် ... ဖိုးလုံး"

"ဗျာ ... "

"သာဒင် ဘာမှာသွားသေးလဲ"

ဦးငွေတိုးရဲ့ခပ်ပြတ်ပြတ်အမေးကြောင့် ဖိုးလုံးက ...

"ဒီနေ့မနက်ခင်းရောက်မယ်လို့ ပြောခဲ့တာပဲသူဌေး ... ဆရာမရှိလို့ စောင့်နေတာနဲ့တူတယ်"

"အင်း"

သူဌေးက ဘာမှဆက်မမေးတော့ပဲ လမ်းသာဆက်လျှောက်လို့နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာဒင်ကိုသူခေါ်ခိုင်းလိုက်တာက မိုးညှို့ရွာကဆရာစက္ကဒီပကိုပင်ဖြစ်သည်။ ဒီရွာတကြောမှာ ဆရာစက္ကဒီပကို မသိသူမရှိကြ။

စုန်းတိုက်၊ ကဝေတိုက် မှော်အောက်လမ်းပညာတို့ကို ဆရာစက္ကဒီပက အကုန်နိုင်သည်။ သူကိုယ်တိုင်ကလည်း သရဲတစ္ဆေစုန်းတို့ကို ခေါ်ကာလိုရာကို အမိန့်ပေး၍ခိုင်းနိုင်သည်။

သူဌေးဦးငွေတိုးက ရွာထဲမှာသောင်းကျန်းနေသည့် သရဲကိုဆရာစက္ကဒီပ အစွမ်းဖြင့်အနိုင်တိုက်ချင်သည်။

ဆရာစက္ကဒီပကလည်း ကြိုက်ဈေးပေးလျှင် ဘယ်နေရာကခေါ်ခေါ် ဘယ်လိုအရာမျိုးကိုပဲဖြစ်ဖြစ် အနိုင်တိုက်ပေးနိုင်မည့်သူဖြစ်၏။ မိုးညှို့ရွာက သူတို့ရွာနှင့်ဆယ့်ငါးမိုင်ခန့်ဝေးတာကြောင့် ညဦးပိုင်းထဲကဆရာပင့်ခေါ်သွားသော သာဒင်နှင့်တင်ရွှေက အခုမနက်ရောက်တာတောင်ပြန်ရောက်ချင်းမရှိပေ။

ဦးငွေတိုးစိတ်ထဲမှာတော့ လောလို့နေသည်။ မိုးမိုးဇင်သေပြီးတည်းက သူမှာ ညတိုင်းကောင်းကောင်းမအိပ်ရ သူ့ကိုလာ၍ခြောက်လှန့်နေသလိုလိုစိတ်က ထင်မိသည်။

ဟိုတစ်ရက် သချိုင်းသွားကာအလောင်းဖော်မည်ပြုတော့ ခြောက်လှန့်လိုက်သဖြင့်သွေးတက်ကာ အိပ်ရာထဲတွင်သုံးရက်ခန့်လဲလို့နေခဲ့သည်။

"ဟာ ... သူဌေး ဟိုမှာသာဒင်တို့လာပြီ"

"ဟေ ... "

ခြံထဲသို့ဝင်လာသည့်နွားလှည်းကြီးပေါ်တွင် သာဒင်၊ တင်ရွှေနှင့်အတူ အသက်ငါးဆယ်ခန့် မျက်ခုံးကောင်းကောင်း မျက်လုံးတောက်တောက်နှင့် နှုတ်ခမ်းမွေးကားကားနှင့် ဥပမိရုပ်ခန့်ထည်သည့် လူကြီးတစ်ဦးပါလာသည်။

ဆရာစက္ကဒီပ ဟုသာဒီနယ်တကြောမှာ နာမည်ကြီးပေမယ့် လူကိုတော့ အခုမှမြင်ဖူးခြင်းဖြစ်သည်။

"သူဌေးရေ ဆရာပါလာပြီ"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



သာခင်လှမ်းပြောတာကို ဦးငွေတိုးကခေါင်းညိတ်လိုက်ပြီး လှည်းပေါ်က ဆင်းလာသည့် ဆရာစက္ကာဒီပကိုကြိုလိုက်၏။

"ဆရာ ကြွပါ"

"ခင်ဗျားက ဦးငွေတိုးလား"

"ဟုတ်ပါတယ် ဆရာ"

ဆရာစက္ကာဒီပက ခြံထဲကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး _

"ခင်ဗျားခြံထဲကို သရဲတစ္ဆေတွေဝင်ထွက်သွားလာနေပါလား။ ဘာလို့ ခင်ဗျားလက်ခံထားတယ်ပေါ့"

"မ ... မဟုတ်ပါဘူး ဆရာ"

"မဟုတ်ရင် ဒီဟာတွေလာနှောင့်ယှက်နေတာပဲ၊ ကဲပါလေ အိမ်ပေါ် သွားရအောင်"

ဆရာစက္ကာဒီပပြောလိုက်ရာ ဦးငွေတိုးက အိမ်ပေါ်သို့ရှေ့ကဦးဆောင် ကာခေါ်လာသည်။

ဆရာစက္ကာဒီပ ညည့်ခန်းထိုင်ခုံတွင်မထိုင်ဘဲ ဘုရားစင်ရှေ့ကြမ်းပြင်တွင် ထိုင်လိုက်သည်။

ပြီးတော့ မျက်လုံးကိုမှိတ်လျက် ...

"ဦးငွေတိုး ခင်ဗျားကိုတစ္ဆေတစ်ကောင်လာနှောင့်ယှက်နေတယ် မလား"

"ဟုတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်"

"ခင်ဗျားဘာဖြစ်ချင်လဲပြော ရဲရဲသာပြော"

အလွန်မာန်ပါလှသည့် အသံဖြင့်ပြောလိုက်ရာ ဦးငွေတိုးက ...

"ကျွန်တော်ကို မနှောင့်ယှက်ရဲအောင် ဆရာစီမံပေးပါ"

"ကောင်းပြီလေ _ ကျုပ်လုပ်ပေးလို့တော့ရပါတယ်၊ ကျုပ်လိုချင်တာ လေးတွေလည်းရမှဖြစ်မှာပေါ့"

"ပြောပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုလာနှောင့်ယှက်နေတဲ့ တစ္ဆေဟာ ဘယ်သူ့သေရည်မြန်တာလဲ ဆိုတာ သိတယ်မလား"

"သိတယ် ဆရာ"

"အေး _ သိရင် အဲဒီလူရဲ့ကျန်ခဲ့တဲ့မျိုးဆက်ရဲ့သွေးကိုလိုချင်တယ်"

"ဗျာ"

ဦးငွေတိုးတစ်ယောက်လန့်လို့သွားသည်။ မျိုးမျိုးဇင်မှာ ကျန်ခဲ့သည့် တလေးနှစ်ယောက် ...

သူတို့ရဲ့သွေးကိုလိုချင်တယ်လို့ ဆရာစက္ကဒီပပြောနေသည်။

ထိုသို့ဆိုလျှင် ...

"ဦးငွေတိုးကျုပ်ပြောတာ မရနိုင်ဘူးလား"

"ဟို ... ဟိုလေ"

"ကျုပ်ကိုရှင်းရှင်းသာပြောစမ်းပါ ရမယ်ဆိုရမယ်မရဘူးဆိုမရဘူး အရှုပ်ရမှာမလွယ်ဘူး ကြာရင်ခင်ဗျားဝိညာဉ်ကို အဲ့ဒီတစ္ဆေကနှုတ်သွားမှာ"

"ဗျာ"

ဦးငွေတိုးအလျှင်အမြန်ကိုစဉ်းစားလိုက်သည်။ သူ့ရဲ့အသက်ဝိညာဉ်ပါ ပါမည်ဆိုလျှင် ...

"ကျွန်တော် သူ့ကလေးကို သတ်ရမှာလားဆရာ"

"သတ်ဖို့တော့လိုချင်မှလိုမယ် အဓိက,ကသွေးရဖို့ပဲ အဲ့ဒီသွေးစိမ်းနဲ့ တစ္ဆေမကိုရအောင်ခေါ်ပြီးရှင်းရမယ်"

"ကျွန်တော်ရအောင်ကြိုးပမ်းပါမယ်"

ဦးငွေတိုးက ဆရာစက္ကဒီပကို ခေါင်းညိတ်ကာပြလိုက်သည်။ ဆရာစက္ကဒီပကတော့ သူ့ပညာအစွမ်းကိုပြဖို့အတွက် သူလိုအပ်တာတွေကို ဦးငွေ တိုးအားပြောလို့နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒကာသားထူး ရောစမ်းပါဦးကွဲ့"

"တင်ပို့ဘုရား"

ကျောင်းပေါ်တစ်ထိုင်တစ်တိုင်ကိုမှီကာ စာကျက်နေသည့်သားထူးတစ်ယောက် ဆရာတော်ခေါ်၍ စာအုပ်ကိုသောသို့ချကာ ဆရာတော်အနားသွား၍ဝတ်ပြုလိုက်သည်။

"ဒကာသားထူးရဲ့ညီမလေး ဆိမ့်မှာတစ်ယောက်ထဲနေခဲ့ရတာဆိုတော့ အဆင်မှပြေရဲ့လားကွဲ့"

"တင်ပို့ဘုရားဒီလိုပဲနေခဲ့ရတာပါပဲ ဘုန်းဘုန်း"

"အေးကွယ် ... အဝေးဆိုတာဒီလိုပါပဲ ဒကာသားထူးတို့ကလည်းရွာထဲမှာဆွေမျိုးရင်းချာမရှိဘူးဆိုတော့ အားကိုးရာမဲ့နေတာပဲ ... ဘုန်းဘုန်းစဉ်းစားတယ် ဒြပ်ပေါ်ကာဘုန်းဘုန်းရဲ့ စာသင်ဖက်ဆရာတော်ရဲ့ကျောင်းမှာ သီလရှင်စီးပေးလိုက်ရင်ကောင်းမလားလို့"

"ခင်ဗျာ"

သားထူးအံ့ဩစွာနှင့်လက်အုပ်လေးချီကာ ဆရာတော်ကိုမေးကြည့်လိုက်သည်။

"ဘုန်းဘုန်းရဲ့ကျောင်းမှာ သီလရှင်လည်းမရှိတော့ လေးလို့မဖြစ်ဘူးကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာကာသီလရှင်တွေက သူ့ကျောင်းနဲ့သူနေကြတာ ဒကာလေးတို့ရဲ့ရှေ့ရေးကို ဆွေးပြီးဘုန်းဘုန်းပြောတာပါ

မောင်နမနှစ်ယောက်ထဲ အခုလိုကြာကြာရပ်တည်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ ဒကာလေးကိုတော့ ဘုန်းဘုန်းတာဝန်ယူလို့ရပါတယ်"

သိုးစုံထူးဆီရာဇာက်အား ဘယ်လိုပြောရမှန်းမသိဖြစ်သွားသည်။ သူတို့မှာရှိတာမှ မောင်နှမနှစ်ယောက်ထဲ ပြီးတော့သူ့ညီမလေးက တအားငယ်သေးသည်။

ခဏမျှတုံ့ကြအား တစ်ယောက်ထဲသွားမနေတတ်ပါမလားလို့လဲ တွေးမိသေး။

"ဒကာလေးတို့အဖေကလည်း ဘယ်နေ့ပြန်လာမှန်းမသိဆိုတော့ ဘယ်လိုလုပ်ကြမလဲ"

"ဘုန်းဘုန်း"

"ပြော ဒကာလေး ဒကာလေးဘာပြောချင်လဲ"

"တပည့်တော်ရဲ့ကံက ဆိုးတွေနေပါတယ်ဘုန်းဘုန်း ဒါပေမယ့်တပည့်တော်ရဲ့ညီမလေးကိုတော့ တပည့်တော်ဘယ်လိုမှမခွဲနိုင်ပါဘူး စိတ်လည်းမချပါဘူး...

တပည့်တော်ညီမလေးကို တပည့်တော်မှာရှိတဲ့ အားတွေအခွင့်တွေနဲ့ အလုပ်လုပ်ကျွေးပါရစေ"

သားရွေးကမျက်ရည်များပိုးမီးပေါက်ပေါက်ကျအောင်ပြောတော့ ဆရာတော် တစ်စတ်မျှတောင်းဆွာဖြင့် ...

"အေးလေ... ဘုန်းဘုန်းကဖြစ်သင့်တာကိုပြောတာပါ သံယောဇဉ်ဆိုတာ ဖြတ်ရခက်သားပဲ ဒကာလေးလည်း ကျောင်းအလုပ်အိမ်အလုပ်တွေနဲ့ အရွယ်နဲ့မမျှအောင်ပင်ပန်းလွန်းပါတယ် ဒေါက်စိုးဆိုတာ ဒီလိုဒကာလေးကိုယ်ခံရတဲ့အချိန်မှာ ကြိတ်ပြီးသာခံ ... ဒါမှခံရတဲ့အခါမှာ ဒကာလေးနေ့ရသာ ပိုရှိမှာ"

❀ ❀ ❀

---

**ရိုးရှင်းအောင်စေ့စေ**

www.burmeseclassic.com



"တင်ပါ့ဘုရား"

"ဒါပါပဲကွယ် _ ကဲ _ ကဲ ဓာကျက်စရာရှိတာသွားကျက် ပြန်ရင်
အဘာလေးရဲ့ညီမအတွက် ဆွမ်းနဲ့ဟင်းကျန်တွေယူသွားဦး"

"ကျေးဇူးပါပဲ ဘုရား"

သားထူးကဆရာတော်ကိုဝတ်ပြုပြီး ကျောင်းတိုင်တစ်တိုင်မှာမှီ၍သာ
စာကိုကျက်နေလိုက်တော့သည်။ သူ့မျက်လုံးထဲမှာတော့ သူ့ညီမလေးဝေဝေ
မျက်နှာကိုမြင်၍သာနေသည်။

ရှေ့ဆက်လျှောက်ရမည့်ဘဝကြီးအတွက် ဘယ်လိုမှမတွေးတတ်တော့
ဆရာတော်ကျောင်းမှာ အမြဲအခုလိုနေပြီး ရပ်တည်ဖို့ကလည်းမဖြစ်နိုင်ပြန်။

သူ့အတွေးထဲမှာ ရုတ်တရက် သုဘရာဇာကြီးရဲ့ပုံကိုမြင်လို့လာသည်

"ဟာ ... ဟုတ်ပြီ"

သုဘရာဇာကြီးက သူတို့မောင်နှမကိုစေတနာထားသည်။ ကြင်နာ
မျက်လုံးတွေနှင့်လည်းကြည့်ခဲ့။

မုန့်စားဖို့သုံးဖို့ငွေကြေးကိုလည်း ပေးတတ်သလို တစ်ခါတစ်ရံသူ့ညီ
မလေးအတွက် အဝတ်အစားတို့ကို ဝယ်ပေးတတ်သည်။

ဆရာတော်ရဲ့ကျောင်းမှာ အလုပ်များပြီးလျှင် သုဘရာဇာကြီးဆီသွား
ကာ မြေတူးခြင်းတူး မသာသဂြိုဟ်သည့်အလုပ်များကို ဝိုင်းကူလုပ်ပေးလျှင် သူ့ညီ
မလေးတစ်ဝမ်းတော့ဝအောင်ကျွေးနိုင်မည်ဟုတွေးမိသည်။

ဆရာတော်ကျောင်းက ဆွမ်းကျန်ဟင်းကျန်ရသည်ဆိုပေမယ့် ရေရှည်
မှာဆိုလျှင် ရှာကအမြင်စောင်းလာမည်ဖြစ်သည်။ သူ _ သုဘရာဇာကြီးဆီမှာ
အလုပ်တောင်းမည်။ ရခဲ့လျှင် သုဘရာဇာဖြစ်ရင်ဖြစ်ပါစေ သူ့ညီမလေးအ
ရပ်တည်နိုင်ဖို့အတွက် သူကျေနပ်မှာပါလေ ...

သားထူးတစ်ယောက်တည်းတွေးကာ ငေးလေတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ဦမလေးကိုရှာဖွေချင်လို့ပါဆိုပြီး
ဘုတာရုံကြီးဆီမှာပဲလှစ်လာတောင်းသည့်
ကလေးမှား ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)



"ဘာ ... မင်းကသင်္ချိုင်းမှာ သုဘရာဇာအကူလုပ်မလို့ဟုတ်လား ကောင်လေး ... ဟား ... ဟား"

သုဘရာဇာကြီးကအုတ်ဂူပေါ်ဇက်ထိုင်ရင်း သားထူးမျက်နှာကြည့်ကာ ပြောရင်း အားရပါးရရယ်မောလိုက်သည်။

"ဟုတ်ပါတယ် အဘ ... ကျွန်တော်အလုပ်အရမ်းလုပ်ချင်လို့ပါ"

"အခု မင်းတွေ့နေကြီးကျောင်းမှာ စာသင်တယ်၊ အားတဲ့အချိန် ကျောင်းဝေယျာဝစ္စလုပ်တယ် ဒါအလုပ်ပဲလေ"

"ပိုက်ဆံမှမရတာအဘရဲ့"

သားထူးကသူ့အရွယ်နှင့်သူ တွေးထားသလောက်ပြောလိုက်၏။

"သုဘရာဇာအကူလုပ်တော့ ပိုက်ဆံလုံလုံလောက်လောက်ရမယ်ထင်လို့လား ကောင်လေး"

"အင်း"

သားထူးဘာဖြေရမှန်းမသိ။ မျက်လုံးအဝိုင်းသားလေးနှင့်သုဘရာဇာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကိုကြည့်နေသည်။

"စာတက်အောင်သင်စမ်းပါလူလေးရယ်၊ လူလေးတို့လိုတာကို အဘထောက်ပံ့ပေးပါ့မယ်၊ အဓိက,စာစိုက်အားမလျော့ဖို့ပဲ ရှိတာခက်ခဲတဲ့ဘဝရောက်ရင် ရုန်းကန်ရမှာပဲ ဟိုလူကဖိ ဒီလူကဖိလည်းခံလိုက် ဒါတွေကို အားအဖြစ်ပြောင်းလိုက် အောင်မြင်သွားမယ်"

"ဘဘပြောတာတော့ မှန်ပါတယ်၊ ကျွန်တော်အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ညီမလေးကိုထမင်းကျွေးချင်လို့ပါ"

"လူလေးအရွယ်ကအလုပ်လုပ်ရမယ့် အရွယ်မဟုတ်သေးဘူး လုပ်ရမယ့်အရွယ်ရောက်မှလုပ် ... လုပ်ရင်လည်းသူဘရာဇာတော့ မလုပ်ပါနဲ့ကွား လူတွေကသူဘရာဇာဆိုရှုံကြတယ် အရေးမလုပ်ကြဘူး လူတွေအရေးလုပ်တဲ့အလုပ်ကိုပဲလုပ်ပါကွာ"

သားထူးကသုဘရာဇာကြီးပြောတာကို ခေါင်းတညိတ်ညိတ်လုပ်နေလိုက်သည်။

"ကျွန်တော့်ညီမလေးလည်း ကျောင်းထားရဦးမယ် အဘ"

"လူလေး ဘာမှမပူနဲ့အားလုံးအဘတာဝန်ယူမယ်၊ ဘဘမှာငွေကြေးအလုံအလောက်ရှိပါတယ်"

"ဗျာ ..."

"ဟား ... ဟား ... အဲဒီလိုပြောလို့ သုဘရာဇာအလုပ်ကိုလူလေးအထင်ကြီးနေပြီလား ... ကြီးနဲ့လူလေးရေ ... သုဘရာဇာအလုပ်က ထမင်းစားဖို့တောင် မသာလာမချရင်ငတ်တာပဲ၊ မသာအတွက်ထည့်လာတဲ့ထမင်းထုပ်ဟာ သုဘရာဇာအတွက်တစ်နပ်စာပဲ ဘဘကမျိုးရိုးကြောင့် သုဘရာဇာလုပ်တာမဟုတ်ဘူး ဘဘရဲ့သမီးလေးဆုံးသွားတော့ ယူကြုံးမရဖြစ်ပြီး ဒီသချိုင်းမှာနေ့ရောညရောမှုပြီး သမီးအုတ်ဂူနားမှာလာနေရာက အရင်သုဘရာဇာကြီးက သေတော့ စောင့်ရှောက်ထိန်းသိမ်းခဲ့တယ်၊ အဲဒီရမ်းစေးစားဖို့ကောင်းတဲ့ ... ကြီးတွေ သူလည်းရုတ်တရက်သေတော့ ဘဘလည်းကိုယ့်အိမ်မပြန်တော့ဘဲ သုဘရာဇာ

www.burmeseclassic.com



အလုပ်ဆက်လုပ်တော့တာ တရားလည်းရတယ် အရမ်းလည်း ငြိမ်းချမ်းတယ်"

သူဘာရာဇာကြီးကရှည်လျားစွာရှင်းပြလိုက်သည်။

"ဒါ ဘာရဲ့မိသားစုက ... "

"အညာစုရွာမှာလေ ... "

"ဘာဘာသူတို့ဆီမသွားဘူးလား"

"မသွားဘူး လူလေး _ တစ်ခါတလေတော့ သူတို့တွေလာကြတယ်၊ ဘာဘာလိုအပ်တာအကုန်ဝယ်ပေး လုပ်ပေးတာပေါ့ ဘာဘာကတော့ဒီသူဘာရာဇာအလုပ်ကို ကျေကျေနပ်နပ်ကြီးကုသိုလ်ယူလုပ်နေတာ"

သူဘာရာဇာကြီးရဲ့စကားကိုကြားတော့ သားထွေးရင်ထဲကျေနပ်လို့သွားသည်။ လူတကာတွေမလုပ်ချင်တဲ့အလုပ်ကိုလုပ်ကာ ကုသိုလ်ယူနေတာဟု သူဘာရာဇာကြီးကဆိုသည်လေ _

"ဘာဘာအရင်က ဘာအလုပ်လုပ်တာလဲဟင်"

"ဘာဘာမှာဆန်စက် ဆီစက်တွေရှိတယ်၊ ဘာဘာတို့ရွာက ပဲ့အောက်ဘက်မှာ ဒီဘက်ကမိုးညှို့ရွာလာလည်ရင်း ဘာဘာသမီးအပြင်းဖျားခဲ့သွားတာနဲ့ ဘာဘာမပြန်ဘဲ ဒီမှာနေခဲ့တာ"

"ဘာဘာကလည်း ပိုက်ဆံရှိရဲ့သားနဲ့ဒီအလုပ်ကိုလုပ်တယ်"

"လူလေး လောကကြီးကအားလုံးကိုသူ့နေရာနဲ့သူ ထားထားတာကိုယ်ကငြင်းပိုင်ခွင့်မရှိဘူး။ သူဘာရာဇာဖြစ်လည်းရှက်စရာမလိုပါဘူးကွ၊ အဓိက,က ကိုယ့်အလုပ်ကိုကိုယ်ကျေနပ်ဖို့ပဲ"

"ဟုတ်ကဲ့ ဘာဘာ"

သားထွေးကခေါင်းညိတ်လိုက်သည်။

"ကဲ _ လူလေးပြန်တော့၊ လူလေးအလုပ်လုပ်ရမယ့်အချိန်ရောက်ရင် ဘာဘာအလုပ်ပေးမယ် သူဘာရာဇာအလုပ်တော့မဟုတ်ဘူး တခြားအလုပ်တစ်ခု ...

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



လူလေးကျောင်းကဆွမ်းကျန်ဟင်းကျန် ညီမလေးကိုမကျွေးချင်ရင် ဘဘစီစဉ်ပေးမယ်"

"ဟာ ... ရပါတယ် ဘဘ ကျွန်တော်ညီမလေးကိုရှာကျွေးလို့ရနိုင်တဲ့အထိ ကျွေးပါရစေ"

"အေးပါကွယ်"

သားထူးလည်းသုဘရာဇာကြီးကို နှုတ်ဆက်၍သူ့မေမေမြေပုံဆီသို့သွားကာ ဒူးထောက်လျှက်ရှိသေစွာရှိခိုးလိုက်သည်။

"မေမေကောင်းရာမွန်ရာ ဘုံဘဝကိုရောက်ပါစေ – ညီမလေးအတွက်စိတ်ချပါမေမေ၊ သားတတ်နိုင်သမျှအားတွေနဲ့ ညီမလေးကိုရှာကျွေးပါ့မယ်"

ပါးစပ်မှအသံထွက်ကာသားထူး သူ့အမေကိုတိုင်တည်၍ပြောလိုက်သည်။

"ရှဲ ... "

ဝါးရုံပင်တို့လှုပ်ခါရမ်းသွားသည်။

ပြီးတော့ ... ငြိမ်သက်လို့သွား၏။

သားထူးလည်းသချိုင်းထဲမှ ခြေတစ်လှမ်းချင်းလှမ်းကာထွက်လာခဲ့တော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရဲ့မျက်ရည်တွေ ဘယ်တော့မှခန်းမှာလဲ။ ဆံပင်ဖားလျားနဲ့ ညစ်ထေးနေတဲ့ ခန္ဓာကိုယ်က ဘဝတစ်ခုရဲ့ အပြောင်းအလဲကိုရောက်လို့နေတယ်လေ ... သားနဲ့သမီး တစ်ဦးကိုတစ်ဦး ကြင်ကြင်နာနာနဲ့ရှိတာကို မြင်တော့ ဖော်မပြနိုင်တဲ့ ရင်ထဲကပီတိတို့ဖြင့်ပြည့်လျှံလို့နေသည်။ ဒီကလေးတွေကို ကျွန်မဘာမှမလုပ်ပေးနိုင် ... လုပ်ပေးခွင့်လည်းမရတော့ ...

သချိုင်းကို မသာလာပို့တိုင်း ကျွန်မမှာနေစရာနေရာမရှိ၊ တစ္ဆေတို့ရဲ့ ပျော်ရာမြေ သုသာန်ဟာ အခုတော့ ကျွန်မနေသားကျလို့နေပြီလေ ...

"ညီမလေးကို အလုပ်လုပ်ကျွေးချင်လို့ပါ" ဆိုတဲ့ သားရဲ့အသံကိုကြားတော့ ကျွန်မရင်ထဲမကောင်းလိုက်တာလေ မပြောပါနဲ့တော့လေ ...

သူတို့လေးတွေကတော့ ကျွန်မကိုမမြင်ကြပါဘူး။ ကျွန်မက သူတို့နောက်ကိုလိုက်ပြီး စောင့်ရှောက်လို့နေတာပါ၊ ကျွန်မအတွက် အန္တရာယ်ကြီးတဲ့အလုပ်တစ်ခုဖြစ်ပေမယ့် ကျွန်မရဲ့မိခင်မေတ္တာကိုထိန်းချုပ်လို့မထားနိုင်ပါဘူး ...

ရှာအဝင်အတွက်ကလည်း ကျွန်မအတွက်အလွန်ခက်ခဲလွန်းပါတယ်။

တစ်သက်တာလုံး ဖြူဖြူစင်စင်နေလာတဲ့ ကျွန်မဘဝတစ်ခုလုံး ကံမကောင်းခဲ့ပါဘူး အားလုံးရဲ့ဝေးရာဆီမှာ ဇာတ်မြှုပ်ပြီးနေလာတဲ့ ကျွန်မတို့မိသားစုလေးဟာ ဘယ်ဘဝကဝဋ်ကြွေးတွေကြောင့်မှန်းမသိ ဒုက္ခကိုလှလှပပ

www.burmeseclassic.com



ခံစားရတယ်လေ ...

ကိုသီဟလည်း အခုဆိုထောင်ထဲရောက်လို့နေသည်။ ကလေးနှစ်ယောက်နဲ့ ရှန်းကန်ခဲ့ရတဲ့ကျွန်မအတွက်နောက်ထပ်ကံကြမ္မာဆိုးက ဖိစီးပြန်ပြီသလေ–

ဘဝအစအတိတ်ထဲကမလှတဲ့ ကျွန်မဘဝက ...



www.burmeseclassic.com

www.burmeseclassic.com

သူ့ခေါင်းကို နာအောင်လှုပ်လိုက်တာနှင့်
ဘာရောက်တော့ခေါင်းတွေမခံနိုင်အောင်
ကိုက်လာပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း( ၁၂)

**အတ်ပြန်ခံရသူ**

"နင့်နာမည်ဘယ်လိုခေါ်လဲ"

"မျိုးမျိုးဇင်ပါ မမကြီး"

မမကြီးဆိုသည့် ဒေါ်မြတ်မာလာက ထိုင်ခုံပေါ်ကနေ မျိုးမျိုးဇင်မျက်နှာကို သေချာအကဲခတ်ကာကြည့်လိုက်သည်။ အသားအရေက ဖြူဝင်းနေသလို မျက်နှာကလည်းချောမောလှပလွန်းသည်။

သူလုပ်မည့်အလုပ်ကအိမ်ဖော်အလုပ်။ သူ့ပုံစံကသန့်သန့်လေးဆိုတော့ လုပ်ရမည့်အလုပ်ကမတန် ...

မြို့စောင့်ကြီး ဦးစောဘသော်အဆက်အသွယ်နဲ့ ဒီအိမ်ကြီးကိုရောက်လာခြင်းလည်းဖြစ်၏။

"ညည်းတို့နေတဲ့အရပ်က ... "

"ယောနယ်ဘက်ကပါ ... "

မမကြီးမျက်လုံးပြူးသွားသည်။ သူကြားဖူးတာတွေက များလှိုနေသည်။ ယောနယ်ဘက်က ဓာတ်လမ်းတွေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာလည်း လူတွေရဲ့ချဲ့ကားပြောခြင်းဖြစ်မှာပဲလို့မှတ်ရွှေးမိ၏။

"ညည်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ပါ မမကြီး"

"ဟုတ်ပြီလေ _ ဒီအိမ်မှာငါရယ် ငါ့ညီမရယ် မမလေးရယ် ငါ့မောင်သီဟရယ်ရှိတယ် ကျန်တဲ့လူတွေက အလုပ်သမားတွေပဲ"

"ဟုတ်ကဲ့ ... "

"ဒီမှာနေရင် အစစအရာရာစည်းကမ်းရှိရှိနေ၊ စပ်စုတာမကြိုက်ဘူး။ အလုပ်ကိုခိုကပ်တာမကြိုက်ဘူး ပြောစကားကိုနားထောင်ရမယ် ...

စည်းကမ်းမလိုက်နာရင် ထိုက်သင့်တဲ့အပြစ်ဒဏ်ပေးမယ် သိပ်ဆိုးဝါးရင် အိမ်ကနှင်ထုတ်မယ်ကြားလား"

"ဟုတ်ကဲ့ပါ"

မျိုးမျိုးဇင် ကြမ်းပြင်ပေါ်မှာထိုင်ရင်း ခေါင်းညိတ်လိုက်သည်။ မမကြီးကတော့ ဒီအိမ်ကြီးရဲ့အကြောင်း သူဖြစ်ချင်တာတွေကိုတောက်လျှောက်ကိုပြောလို့နေ၏။

မျိုးမျိုးဇင်အတွက် တခြားအားကိုးစရာဘာမှမရှိ ငယ်စဉ်ထဲက ဖခင်ဆုံးပါးသွားသလို မိခင်ကလည်း ဒီနှစ်ထဲမှာပဲဆုံးပါးသွားပြန်သည်။

သားအမိနှစ်ယောက် ဘဝကိုခက်ခက်ခဲခဲ ရုန်းကန်ခဲ့ကြသည်။

စာဆိုတာလည်းရေးတက်ဖတ်တက်ရုံသာတက်သည်။ အဘဦးစောဘသော်နှင့် ဆွေမျိုးနီးစပ်တော်တာကြောင့် အဘရွာရောက်တုန်း မျိုးမျိုးဇင်က လိုက်လာကာ ဒီအိမ်ကြီးမှာအလုပ်ဝင်ခဲ့ခြင်းဖြစ်သည်။

မမကြီးက သဘောထားမဆိုးလှသော်လည်း မမလေးဆိုသည့်ခင်မာလာကတော့ အိမ်အလုပ်သမားများအပေါ် တစ်ခုမှစိတ်တိုင်းကျခြင်းမရှိ ...

ခိုင်းတဲ့နေရာမှာလည်း ရက်စက်လွန်းလှသည်။ သူတို့ရဲ့မောင်ကြီးသီဟကတော့ မျက်နှာကအမြဲပြုံးကာ စကားပြောလျှင်လည်း အေးအေးချချမ်းပြောတက်၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား အားလုံးအပေါ် ကြင်ကြင်နာနာရှိကာ ပညာတတ်တဲ့ ရဝတ်စ်ယောက်လည်းဖြစ်သည်။

"ခွမ်း"

"ဟင် ... ဒါ ... ဒါဘယ်လိုဖြစ်တာလဲ"

ခင်မာလာ အအေးသောက်ရန်ယူလာသော မျိုးမျိုးဇင်လက်ထဲမှ ဖန်ခွက်က ရုတ်တရက်ခြေချော်သွား၍ အောက်သို့ကျကာ ကွဲလို့သွားသည်။

"ဟို ... ဟို ... "

မျိုးမျိုးဇင် ဘာလုပ်ရမှန်းမသိ ကွဲသွားသည့်ဖန်ခွက်ကွဲစများကို ကြည့်ကာနေရာ၌ မတ်တတ်ရပ်နေမိသည်။

"နင်လာစမ်း ဒါလေးတောင်သေချာမယူလာနိုင်ဘူး"

"ကျွန်မ ... ကျွန်မ ... "

"လာဆို လာစမ်း"

ခင်မာလာကဒေါသဖြစ်ကာ လှမ်းခေါ်လိုက်သဖြင့် မျိုးမျိုးဇင်လည်းခင်မာလာရှေ့မှာ ကြောက်ကြောက်နှင့်မတ်တတ်ရပ်လို့နေသည်။

"ဒူးထောက်ထိုင်စမ်း "

"ဟို ... ဟို ... "

"ငါထလုပ်လိုက်ရ ငါ့ကိုပြန်ပြောစရာမလိုဘူး။ ထိုင် ဒူးထောက်ထိုင်"

မျိုးမျိုးဇင်လည်း ခင်မာလာရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ ခင်မာလာရဲ့လက်ကလျင်မြန်စွာ မျိုးမျိုးဇင်ရဲ့ဆံပင်ကိုဆွဲကာ ခေါင်းကိုအဆက်မပြတ်ခေါက်လိုက်သည်။

"အား ... မလုပ်ပါနဲ့"

"အော်ဦးဟာ ... အော်ဦး"

ခင်မာလာကအဆက်မပြတ်အောင် သူ့လက်ဆစ်များဖြင့် မျိုးမျိုးဇင်ခေါင်းကိုခေါက်လိုက်သည်။

မျိုးမျိုးဇင်လည်းနာပေမဲ့ မအော်ရဲတော့ ... အော်ကျွင်နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခေါက်ခံရမှာစိုးသည်လေ ...

"မှတ်ထားစမ်း _ ခင်မာလာနိုင်းလို့တလွဲဖြစ်လို့မရဘူး ဖြစ်ရင်သေပြီလို့သာမှတ် ကြားလား"

"ဟုတ် ... ဟုတ်ကဲ့"

"သွား ... နင့်မျက်နှာ ငါမကြည့်ချင်ဘူး"

မျိုးမျိုးဖင်လည်း မျက်နှာလေးရှုံကာ မျက်ရည်ဝိုင်းလျက် အိမ်အနောက်ဘက်သို့ဝင်လာခဲ့သည်။

ခေါင်းတစ်ခေါင်းလုံးလည်းကျိန်းစပ်လို့နေလေ၏။ ဝမ်းနည်းလွန်း၍ပါးပြင်ပေါ်မျက်ရည်များစီးကျလို့လာသည်။

နောက်ဖေးမီးဖိုချောင်ထောင့်မှာငိုနေသည့် မျိုးမျိုးဖင်ကို ထမင်းချက်ဒေါ်အေးကကြည့်၍ ...

"နမူနာပဲရှိသေးတယ် ကောင်မလေးရေ့ ဒီထက်ဆိုးတာတွေကြုံရဦးမယ်"

"ဟင့် ... ဟင့် ... "

"ငိုကြောရှည်မနေနဲ့ ဟိုကဝင်လာလို့တွေ့သွားရင် ဒီ့ထက်ပိုတဲ့ဒဏ်ရဦးမယ်"

မျိုးမျိုးဖင်လည်း မျက်ရည်တွေသုတ်ကာ ပန်းကန်ဆေးဇလုံထဲထည့်ထားသည့် ပန်းကန်တို့ကိုထကာဆေးနေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

"အား ... အမလေး ... ကျွတ် ... ကျွတ် ... ခေါင်းတွေ ကိုက်လိုက်တာသေတော့မယ်"

ခင်မာလာရဲ့အော်ဟစ်သံကြောင့် ဘေးခန်းကအစ်မဖြစ်တဲ့ မြတ်မာလာ တကြား၌ ခင်မာလာအခန်းသို့ဝင်လာသည်။

"ဘာဖြစ်တာလဲ ညီမလေး"

"ခေါင်းတွေတအားကိုက်လို့မရယ် မခံနိုင်တော့ဘူး"

"ဟင် ... အိပ်ရေးပျက်လို့လား၊ ဒါမှမဟုတ်အစားမှားလို့လား"

"ဟင့်အင်း ... အိပ်ရေးလည်းမပျက်ဘူး၊ အစားလည်းမမှားဘူး"

"ဘယ်လိုဖြစ်တာလဲ"

"အား ... အင့် ... ဟင်း ... ဟင်း ... ကျွတ်"

ခင်မာလာကိုကြည့်ပြီး အမကြီးဖြစ်တဲ့ ဒေါ်မြတ်မာလာကစိတ်မကောင်း

"ဆရာဝန်ခေါ်လိုက်ရမလား ညီမလေး"

"ရတယ်မမ ... ဆေးလည်းသောက်ထားတယ်"

ခင်မာလာကငြင်းလိုက်သည်။ ဒေါ်မြတ်မာလာကဘာလုပ်ပေးရမှန်း မသိ ဖြစ်နေသည်။

ခဏကြာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကောင်မလေးကိုခေါ် နှိပ်ခိုင်းမလား၊ သူနှိပ်တာကောင်းတယ် ဟိုတစ်ရက်က မမကြီးသူ့ကိုနှိပ်ခိုင်းသေးတယ်"

"ဘယ်ကောင်မလေးလဲ"

"ဟို တောသူမလေး မျိုးမျိုးခင်"

"ဟာ ... မလုပ်နဲ့ ... မလုပ်နဲ့ အဲဒီကောင်မကိုနေ့လည်က ညီးလေးခေါင်းခေါက်ဆုံးမလိုက်သေးတယ်"

"ဟင် ... ခေါင်းခေါက်လိုက်တယ် ဟုတ်လား"

"အင်း"

ခင်မာလာကခေါင်းညိတ်ပြလိုက်တာကြောင့် ဒေါ်မြတ်မာလာရင်ထဲမှာ ဒိန်းခနဲဖြစ်လို့သွား၏။

"ညီမလေး အခုခေါင်းကိုက်နေတယ်နော်"

"ဟုတ်တယ်လေ ဘာလဲ မမကြီးကို ညီမလေးကညာနေတယ်ထင်လို့လား"

"မဟုတ်ဘူး မမကြီးစဉ်းစားနေတာရှိလို့"

ဒေါ်မြတ်မာလာစိတ်ထဲမှာ သံသယဝင်လာသည်။ မျိုးမျိုးခင်ကိုခေါင်းခေါက်လိုက်တာနှင့် သူ့ညီမ မခံမရပ်နိုင်အောင်ခေါင်းကိုက်လို့နေ၏။

"ရှူးဆေးရှူထား ညီမလေးသိပ်မခံနိုင်ရင် မမကြီးကိုလှမ်းခေါ်လိုက် ကြားလား"

"ဟုတ်ကဲ့"

ဒေါ်မြတ်မာလာလည်း ခင်မာလာအခန်းထဲကနေထွက်လာခဲ့သည်။ သူ့ညီမအကြောင်းလည်း သူသိထားသည်။ အရာရာမှာ စိတ်မြန်လက်မြန်ရှိ သလို အနိုင်လိုချင်သည်စရိုက်ကြောင့် အိမ်အလုပ်သမားများ၏ ရွံ့ကြောက်ခြင်း ရသည်လေ။

သူက အိမ်မှာအမြဲမရှိ မြို့မဈေးကြီးထဲကရွှေဆိုင်ကြီးမှာဆိုင်ရှင် မောင်ငယ်သီဟကလည်း မြေလုပ်ငန်းတို့ကို ဦးစီးဦးဆောင်လုပ်သဖြင့် သူတို့ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



နှမဆုံလျှင် ညနေခင်းမှသာဆုံလေ့ရှိသည်။

အိမ်မှာအမြဲရှိတာက ခင်မာလာပင်ဖြစ်သည်။ ခင်မာလာစရိုက်နှင့် မျိုးမျိုးခင်တို့ကြောင့် ရှေ့ဘာဖြစ်မလဲ စိတ်ထဲတွေးမှုမိတော့သည်။

●●●



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

**အမှုအက်ခံရသူ**

"ဟာ … သွားပါပြီ … ဟဲ့ မီးပူချပြီးဘယ်သွားနေတာလဲ လာစမ်း"

ခင်မာလာရဲ့အသံကြောင့် အိမ်နောက်ဖေးမီးဖိုချောင်တွင် ရေနွေးအိုး ပြေးထည့်နေသည့် မျိုးမျိုးဇင်ထွက်လို့လာသည်။

"ဟင် … နင် … နင် မီးပူတိုက်နေတာလား"

"ဟုတ် … ဟုတ်ကဲ့"

"ဒီမှာကြည့်စမ်း ငါ့အင်္ကျီမီးကျွမ်းကုန်ပြီ"

မျိုးမျိုးဇင် ကြောက်လန့်တကြားနှင့်သူတိုက်လက်စ မီးပူတိုက်ရာဆီသို့ ကြည့်လိုက်သည်။

မီးပူနှင့် ခင်မာလာအင်္ကျီတိုက်လက်စကို မီးပူပလတ်မဖြုတ်ခဲ့မိ၍ အင်္ကျီ မီးကျွမ်းလို့နေသည်။

ပြဿနာတက်တော့မည်ဆိုတာကိုသိ၍ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ် နေ၏။ ခင်မာလာက အင်္ကျီကိုကိုင်ကြည့်၍ ဒေါသထွက်စွာဖြင့် …

"နင် ငါ့အင်္ကျီကိုသက်သက်လုပ်တာမလား။ မနက်ဖြန် မင်္ဂလာဆောင် သွားရင် ငါဝတ်မယ့်အင်္ကျီကို နင်ဖျက်ဆီးပစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မမလေး"

"ဘာမဟုတ်ရမှာလဲ"

ခင်မာလာရဲ့အသံက ကျယ်လောင်စွာထွက်ပေါ်လို့လာသည်။

"ရေ ... ရေနွေးအိုးဆူလို့ ပြေးထည့်တာနဲ့သတိမေ့သွားတာ ..."

"တော် ... နှစ်တစ်လလုံး ကျွန်ခံတဲ့လစာကဒီအကျီတစ်ထည်ဖိုးမရှိဘူး။ သိပြီလားဟဲ့ လာစမ်း ငါ့နားကို"

"ကျွန် ... ကျွန်မတောင်း ... တောင်းပန်ပါတယ်ရှင်"

ခင်မာလာရဲ့မျက်နှာခက်ထန်လို့နေသည်။ မျိုးမျိုးဇင်က ကြောက်လွန်း၍ အသားတွေတဆက်ဆက်တုန်နေ၏။

"လာစမ်း ငါခေါ်နေတယ်လေ"

"ကြောက် ... ကြောက်ပါတယ် မမလေးရယ် မလုပ်ပါနဲ့"

ခင်မာလာစိတ်တိုစွာဖြင့် မီးပူကိုကိုင်၍ထလာပြီး ...

"ဒီလောက်တောင်အကြောတင်းတဲ့ကောင်မ ကဲဟယ်"

"အား"

မျိုးမျိုးဇင်၏ လက်မောင်းကိုမီးပူနှင့်ကပ်လိုက်လေရာ မျိုးမျိုးဇင်ငယ်သံပါအောင်အော်လိုက်တော့သည်။

"အေး ... မှတ်ထား နောက်တစ်ခါ ပေါ့ပေါ့ဆဆလုပ်ရင် ဒီထက်ပိုဆိုးမယ်မှတ်ထား"

ပြောကာ မီးပူကိုပစ်ချပြီး ထွက်သွားတော့သည်။ မျိုးမျိုးဇင်လည်း ပူလွန်း၍ လက်မောင်းကိုအသာဖိထားရင်း ရှိုက်ကြီးတငင်ငိုနေလေသည်။

ဘယ်လောက်ကြာအောင်ငိုနေမှန်းမသိ သူ့အားသို့လူတစ်ယောက်လာရပ်တာကို မြင်မှခေါင်းကိုမော့ကြည့်လိုက်သည်။

"ကိုသီဟ"

"ဘာဖြစ်တာလဲ"

မျိုးမျိုးဇင်က ဘာမှမပြော နှုတ်ခမ်းကိုသွားနှင့်ဖိကိုက်ကာထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟာကမျိုးမျိုးဇင်ရှေ့မှာထိုင်လိုက်ပြီး ...

"လက်မောင်းဘာဖြစ်တာလဲ"

"ဟင့်အင်း"

မျိုးမျိုးဇင်က မျက်ရည်တွေနှင့်ခေါင်းကိုရမ်းပြလိုက်သည်။

"ခုန မမလေးအသံကြားလိုက်တယ် သူ ညီမကိုဘာလုပ်လိုက်တာလဲ"

"မျိုး ... မျိုးမဖြေပါရစေနဲ့ ... "

"ပြောပါ ... လူလူချင်း အဲလိုအနိုင်ကျင့်တာ အစ်ကိုမကြိုက်ဘူး"

"မျိုး ... ဘာမှမဖြစ်ပါဘူး"

မောင်နှမတွေစကားများမည်စိုး၍ မျိုးမျိုးဇင်က ခင်မာလာမီးပူဖြင့်သူလက်မောင်းကပ်တာကို ငြင်းလိုက်သည်။ သီဟာက မျိုးမျိုးဇင်ဖိထားသောလက်ကိုအတင်းဖယ်၍ ...

"ဟင် ... လက်ဘာဖြစ်တာလဲ"

"ဟင့်အင်း ... "

မျိုးမျိုးဇင်ရဲ့ပါးပေါ်သို့မျက်ရည်များ ကျလာကာခေါင်းကိုခါလိုက်သည်။

သီဟာက ...

"တောက် ... မမလေးက ရက်စက်တယ်ကိုယ်သွားပြောမယ်"

"မပြောပါနဲ့ ... မျိုးဘာမှမဖြစ်ပါဘူး"

မျိုးမျိုးဇင်ကလှမ်းပြောသော်လည်းမရ သီဟာကစိတ်မြန်စွာထ၍ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … အလုပ်သမားဆိုတာ အဲလိုဆုံးမရတယ်၊ နင်ကဘာနာနေတာလဲ"

ခင်မာလာရဲ့အသံစူးစူးကို မီးဖိုချောင်အခန်းထဲကပင် မျိုးမျိုးဖင်ကြားနေသည်။

"မမလေး လုပ်တာလွန်းလွန်းနေပြီ၊ မရှိလို့ကိုယ့်အိမ်မှာလာမှီခိုအလုပ်လုပ်နေတာကို မမလေးအနိုင်မကျင့်သင့်ဘူး"

"နင်နဲ့ဘာဆိုင်လဲ ပိုက်ဆံပေးခိုင်းရင် ကြိုက်တဲ့လူခိုင်းလို့ရတယ်"

"ပိုက်ဆံပေးတိုင်းရမလား လူလူချင်းမရက်စက်သင့်ပါဘူး"

သီဟာနှင့်ခင်မာလာတို့တစ်ယောက်တစ်ခွန်းစကားများလို့နေရာ ထမင်းချက် ဒေါ်အေးက မျိုးမျိုးဖင်နားလာ၍ …

"သီဟာကဒေါ်သထွက်ခဲ့တယ်၊ ခင်မာလာလုပ်တာမဟုတ်လွန်း[illegible]ပြောတာနေမှာ"

"ဒေါ်အေးရယ် ကျွန်မသေသာသေလိုက်ချင်တယ် ကျွန်မကြော[illegible]မောင်နှမစကားများရတာ"

"ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးက သက်ပြင်းချလိုက်သည်။ ပြီးတော့ ...

"သတိနဲ့သာနေ မျိုးမျိုးဇင်ရေ ခင်မာလာကမဲတော့မယ်၊ သီဟာတ လည်း မဟုတ်မခံ"

"ကျွန်မဘာလုပ်ရမလဲဟင်"

"ဘာလုပ်လို့ရမှာလဲ ညည်းလည်း ငါ့လိုတစ်ကောင်ကြွက်ပဲမလား။ ဒီအိမ်ကြီးကထွက်ပြီး ဘယ်မှာနေစရာရှိလို့လဲ ...

ပြောသမျှခံ ရိုက်သမျှသာခံနိုင်ရည်ရှိဖို့ကြိုးစားထားတော့ ... "

ဒေါ်အေးပြောတာ မျိုးမျိုးဇင်ကငြိမ်၍သာနားထောင်နေလိုက်သည်။ ရှေ့ညေ့ခန်းထဲက အသံတွေကကြားနေရဆဲ ...

"နင်က ကိုယ့်အစ်မဘာက်ကငြ်ကြည့်ဘဲ အလုပ်သမားဘက်ကအမြဲ နာတယ် နင့်လိုလူမျိုးကိုမောင်တော်ရတာ ငါအရမ်းရင်နာတယ်"

"အမြင်မတော်လို့ပြောတာ မမလေး"

"နင်ပြောတာလွန်နေပြီသီဟ၊ ငါကစည်းကမ်းရှိအောင်ပြောနေတာ အေးလေ နင်ကမောင်အရင်းမှမဟုတ်ဘဲ၊ အဖေနဲ့အမေကသနားလို့ မွေးစား ထားတာဆိုတော့ သွေးမစပ်တော့ဒီလိုပဲပြောမှာပေါ့ ... အချိန်တန်ရင်သာ ဥစ္စာပစ္စည်းခွဲမှာလေ"

မမလေးရဲ့အသံက စို့နစ်လို့နေသည်။ သီဟာက ...

"မမလေးတို့ပစ္စည်းလည်း ကျွန်တော်တစ်ပြားတစ်ချပ်မှမယူဘူး။ ဒီမှာ သည်းမနေဘူး"

"ဟဲ့ ... ခြံအလုပ်တန်းလန်းနဲ့ နင်ကဘယ်ထွက်သွားမှာလဲ"

"ပြီးအောင်လုပ်ပေးခဲ့မှာပါ။ ခင်ဗျားသာစည်းစိမ်ဥစ္စာတွေနဲ့မာန်တက်နေ အစ်နေ့အကျနာမယ်"

"အမယ် ငါ့ကိုများ ... တောက်"

ခင်မာလာရဲ့အသံကိုကြားရပြီးတဲ့နောက် စကားသံတို့တိတ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးဇင်လည်း မျက်နှာလေးငယ်ကာ မီးဖိုချောင်အခန်းထောင့်တွင် ထိုင်သာနေလေတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

စွန်းမ တဆိုကာ
ရက်ရက်စက်စက်အနှိပ်စက်ခံရသူရဲ့
အထီးကျန်ဘဝဟာ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

### ခွန်းမလေးရဲ့

"အား … ပူလိုက်တာလုပ်ပါဦး"

ညအချိန်မတော်ရူးရူးဝါးဝါး အော်သံကြောင့် ဒေါ်မြတ်မာလာအိပ်ရာ မှလန့်နိုးကာ အမြန်ထ၍ အခန်းပြင်သို့ထွက်လာသည်။

"အား … လုပ်ကြပါဦး"

အသံကသူ့ညီမ ခင်မာလာရဲ့အသံဖြစ်နေသလို ကြားရသည့်နေရာ အိမ်အနောက်ဘက် မီးဖိုချောင်မှဖြစ်တာကြောင့် အပြေးအလွှားသွားကာကြ လိုက်သည်။

"ဘာဖြစ်တာလဲ ညီမလေး"

"လက်ကိုရေနွေးပူလောင်တာ လုပ်ပါဦး မမကြီးရယ်"

ခင်မာလာအင်္ကျီချိုင်းပြတ်ကိုဝတ်ထားတာကြောင့် လက်တစ်ဖက် ရေနွေးပူလောင်ထားတာ မြင်လို့ပင်မကောင်းနိုင်ရဲလို့နေသည်။

"အား … ပူလိုက်တာ"

"လာ … လာ … ဆေးလိမ်းမယ်၊ ဘယ်လိုဖြစ်လို့ပူရ

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရယ်"

"ဗိုက်ဆာလို့ ကော်ဖီသောက်မယ်ဆိုပြီးထကာ ဓာတ်ဗူးရေနွေးထဲမရှိတာနဲ့ ရေနွေးကျိုရင်းမှောက်ကျတာ"

"ဖြစ်ရလေကွယ်"

ညီမဖြစ်သူအတွက်စိတ်မကောင်း အပူလောင်ထားသည့်လက်ကို ဆေးရည်တို့လိမ်းပေးလိုက်သည်။

ဒေါ်မြတ်မာလာ စိတ်ထဲ၌သိချင်လာတာနှင့်

"ညီမလေး ဒီနေ့မျိုးမျိုးဇင်ကိုဘာလုပ်လိုက်သေးလဲ"

"အင်း _ မီးပူတိုက်တာ အင်္ကျီကျွမ်းသွားလို့ လက်ကိုမီးပူနဲ့ကပ်လိုက်တယ်"

"ဟင် ... ဟုတ်ပါပြီ ဒင်းကြောင့်ပဲနေမှာ"

ဒေါ်မြတ်မာလာက ပြောလိုက်ရာ ခင်မာလာက ...

"ဘယ်လိုမကြီး မျိုးမျိုးဇင်ကြောင့်ဟုတ်လား"

"သေချာတာပေါ့ ဟိုတစ်ခါ ညီမလေးသူ့ခေါင်းကိုခေါက်တော့ ခေါင်းမခံနိုင်အောင်ကိုက်တယ်လေ၊ အခုလည်းသူ့ကို အပူနဲ့ကပ်တော့ရေနွေးပူလောင်တယ်၊ ဒီကောင်မစုန်းအတက် တတ်ပဲနေမှာ"

"ဟင်"

ခင်မာလာအံ့ဩလို့သွားသည်။ အကြောင်းမဲ့တိုက်ဆိုင်တာတော့မဟုတ်

"မမကြီး ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ ဒီကောင်မကိုခေါ်ပြီး မေးရမှာပေါ့၊ ငါ့ညီမကို သူလုပ်တာဟုတ်လို့ကတော့ သေပြီသာမှတ်"

"ဟုတ်တယ် မမကြီး။ ကြာပါတယ် အခုပဲသွားနှိုးပြီးမေးတာပေါ့"

ခင်မာလာကမတ်တတ်ထ၍ပြောလိုက်ရာ ဒေါ်မြတ်မာလာက_

"ဟဲ့နေဦး _ ဟိုကောင်မာလီတင်ဦးကိုအရင်သွားခေါ်မယ်၊ သေသာကျိုး တစ်ယောက်ပါတော့ ဒီကောင်မတို့ကိုပြန်လှန်ရဲမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးပြောတာဟုတ်တယ် တင်ဦးကိုအရင်သွားခေါ်ရမယ်"

သူတို့ညီအစ်မနှစ်ယောက် အိမ်တံခါးကိုဖွင့်ကာခြံထဲဆင်းလာသည်။ အိမ်အလုပ်သမားများက အိမ်ခြေရင်းက တန်းလျားမှာအိပ်တာကြောင့် ထိုတန်းလျားဆီသို့ပြန်ထွက်လာခဲ့ကြသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... မြန်မြန်ပြောစမ်း နင်ငါ့ကိုပြုစားတာမလား"

"မဟုတ်ပါဘူး မမလေးရယ်၊ မဟုတ်ရပါဘူး"

"ဘုန်း ... ဘုန်း"

"အား ... "

မျိုးမျိုးဇင်ကို လက်ပြန်ကြိုးတုပ်လျက် ခင်မာလာကမေးလည်းမေး တင်ဦးကိုဝါးခြမ်းပြားနှင့်ရိုက်ရန် မျက်ရိပ်ပြသဖြင့် တင်ဦးကသခင်မျက်နှာရစေရန် မျိုးမျိုးဇင်ကျောပြင်ကိုမညှာမတာရိုက်နေ၏။

သူတို့ခြံကြီးကလည်း ကျယ်ဝန်းလှသလိုဘေးခြံများမှလည်း လှမ်းနေတာကြောင့်မျိုးမျိုးဇင်၏အော်သံ ရိုက်သံများကိုပတ်ဝန်းကျင်ကမသိကြ ...

တန်လျားမှာအိပ်နေသည့် အလုပ်သမားများကသာနိုးလာပြီး စိတ်မကောင်းစွာကြည့်နေကြသည်။

"နင်စုန်းမမှတ်လား ... မှန်မှန်ပြောစမ်း"

"မ _ မဟုတ်ပါဘူးမမလေး _ မမကြီးကယ်ပါဦး ကျွန်မဘာပညာမှမတတ်ပါဘူး"

မျိုးမျိုးဇင်ကဒေါ်မြတ်မာလာဘက်လှည့်ကာပြောသော်လည်းဒေါ်မြတ်မာလာက မျက်နှာကိုတစ်ဖက်သို့လွှဲနေသည်။

www.burmeseclassic.com



"တင်ဦးချစမ်း ဝန်မခံမချင်းချသာချ တစ်နေရာထဲသေချင်သေပါစေ"

"စိတ်ချမမလေး တင်ဦးလက်စွမ်းပြရမယ်"

"ဘုန်း ... ဘုန်း ... "

"အား ... "

"ဘုန်း ... ဘုန်း ... "

"အား ... "

မျိုးမျိုးဇင်ကနာလွန်း၍ မြေကြီးပေါ်မှလူးလိမ့်လို့နေသည်။ ခင်မာလာက တော့စိမ်ပြေနပြေကြည့်နေပေမယ့် ဒေါ်မြတ်မာလာတစ်ဖက်သို့ မျက်နှာလွှဲနေသည်။

"ဘုန်း ... ဘုန်း ... "

"အား ... အ ... "

မျိုးမျိုးဇင်တစ်ယောက် တဖြည်းဖြည်းနှင့်အသံပင်မထွက်တော့ ... ထိုစဉ် ...

ဦးစောဘသော်ကအနားသို့ရောက်လာပြီး ...

"ဒီလောက်ဆိုမပြီးရင်ကျေနပ်ပါတော့ ခင်မာလာ၊ ကောင်မလေးကို မနေစေချင်လည်းဒီမှာမထားပါနဲ့"

"ဦးလေးမျက်နှာမို့ ကျွန်မတို့ကဒေါ်ထားတာစုန်းမမှန်းခုမှသိတော့တယ် ဒီအိမ်မှာလည်းမထားပါဘူး မှတ်လောက်အောင်ပညာပေးနေတာ"

"ဟုတ်ပါတယ်ဦးလေးမှားတာပါ တောင်းပန်ပါတယ်ကွယ် ကဲ ... ကဲကလေးမထ ကိုယ့်အဝတ်ထုပ်ကိုယ်ယူပြီး ထွက်သွားပါတော့"

ဦးစောဘသော်က မျိုးမျိုးဇင်ကိုထူ၍ လက်ကိုချီထားသည့်ကြိုးကို ဖြေ လိုက်သည်။ မျိုးမျိုးဇင်ကကိုယ်ခြေထောက်ပင်နိုင်အောင်မရပ်နိုင်တော့

ခန္ဓာကိုယ်တစ်ခုလုံးနာကျင်လို့နေ၏။

ထမင်းချက်ဒေါ်အေးလာပေးသည့် အဝတ်ထုပ်ကိုပိုက်ကာ ခြံထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းချင်းထွက်လာသည်။ ဦးစောဘသော်ကခြံပြင်ထိလိုက်ပို့ပြီး အမှောင်ရိပ်ကွယ်၌ ...

"ရော့ကလေးမ ဒီငွေတွေယူသွား ဒီလမ်းတည့်တည့်ကိုလျှောက် လမ်းဆုံးရောက်ရင် ခြံကြီးတစ်ခြံတွေ့မယ် အဲ့ဒီမှာမောင်သီဟရှိတယ် အကျိုးအကြောင်း ပြောပြပြီးအကူအညီတောင်းလိုက် သူကူညီမှာပါ၊ အဘလည်း မနက်ရောက်ရင်လာခဲ့မယ်"

"အဘ ... "

"ဝဋ်ကြွေးလို့ပဲ သဘောထားပါကလေးမ သွားတော့ ... အဘက မကျေသေးလို့ဆပ်ရဦးမယ်ကွယ်"

အဘဦးစောဘသော်ခြံထဲဝင်သွားတော့ ချိန့်နေသည့်ခြေလှမ်းများဖြင့် မဲမှောင်နေသည့်လမ်းကို စမ်းတဝါးဝါးနှင့်မျှိုးမျှိုးဖင် လျှောက်လို့လာသည်။

ဆိုးလိုက်တဲ့ကံကြမ္မာ ...

အိမ်ကြီးရှင်တွေရဲ့ ရက်စက်သမျှကိုသည်းခံခဲ့ပေမယ့် အကြောင်းတိုက်ဆိုင်စွာဖြစ်တဲ့ကိစ္စကို စုန်းမဟုရက်ရက်စက်စက် စွပ်စွဲကာအပြစ်ပေးခဲ့သည်။

လူမဆန်စွာရက်စက်လွန်းတဲ့ နေရာကထွက်လာပေမယ့် သွားရမယ့်လမ်းကမဲမှောင်လို့နေသည်၊ အရိုက်ခံထားရသည့်ဒဏ်ကြောင့် ခဏခဏခြေချော်ကာလဲကျပေမယ့် ပြန်ထကာလျှောက်လာ၏။

ဒီညတစ်ညလုံးကောင်းကင်က ရက်စက်စွာကြယ်ရောင်တောင် လုံးဝမိုးဖြစ်နေလေတော့သည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

အိပ်နေစဥ်ကိုယ်ပေါ်သို့ အရိပ်မည်းကြီး
ကျလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)

## တမာမွန်ဘဝက မျှန်မ

"တောက် ... ဖြစ်ရလေကွာ အတော်ရက်စက်တဲ့ဟာတွေ"

သီဟက မျိုးမျိုးခင်ရဲ့ ဒဏ်ရာတွေကိုကြည့်ကာ ဒေါသထွက်လျက် ရေရွတ်လိုက်သည်။

"မင်းဘယ်လိုလုပ်ချင်လဲ သက်ဆိုင်ရာကိုတိုင်မလား"

"ဟင့်အင်းမတိုင်ပါဘူး။ ဝဋ်ကြွေးရှိလို့ပဲသဘောထားပါတယ်"

မျိုးမျိုးခင်ကမျက်ရည်လေးလည်းလျှက်ပြောသည်။

"မမလေးကသိပ်ကြောက်ဖို့ကောင်းတယ်၊ ဒီမှာနေရင် မင်းကိုတနည်းနည်းနဲ့ ပြဿနာရှာမှာပဲ"

"မျိုးဘာလုပ်ရမှာလဲ ဟင်၊ မျိုးမှာအားကိုးစရာမရှိပါဘူး"

"အင်း"

သီဟခေါင်းကုတ်ကာစဉ်းစားလိုက်သည်။ ဒီကောင်မလေးကို စတွေ့ကတည်းကသူရင်ခုန်ခဲ့သည်။ သူ့ဘဝမှာရည်းစားလည်းမထားခဲ့ဖူးသလို ပတ်သတ်မှုလည်းမရှိ ...



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းလွန်းသည့် အားကိုးရာမဲ့ကောင်မလေးကို သူ့ဘဝထဲ ဆွဲခေါ်ထားခဲ့လျှင် ...

"အစ်ကို မျိုးကိုကူညီပါနော်"

"ဒီလိုလုပ်ကွာ ကိုယ်တို့တစ်နေရာမှာ ဇာတ်မြှုပ်ပြီးသွားနေကြမယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်မွေးစားအဖေနဲ့အမေက သူတို့မသေခင်ကိုယ့်ကို ခင်မာလာနဲ့လက်ထပ်ဖို့မှာခဲ့တယ်၊ ခင်မာလာကလည်းလက်ခံတယ်၊ ဒါပေမဲ့ သူတို့ကအတ္တကြီးလွန်းတယ်၊ ကိုယ့်ကိုလည်းသူလက်ထပ်ရမယ့် ခင်ပွန်းပုံစံလို မဆက်ဆံဘဲ ငယ်နိုင်တစ်ယောက်ကို ဆက်ဆံတယ်လေ ...

ကိုယ်မျိုးကိုတစ်နေရာခေါ်သွားတယ်ဆိုရင် ခင်မာလာကမရမကာစုံစမ်း ပြီး ပြဿနာရှာမှာ၊ ဒါကြောင့်သူမသိနိုင်တဲ့နေရာမှာ သွားနေတာအကောင်းဆုံး ပဲ"

"ဟုတ်ကဲ့၊ အစ်ကိုကို့ အစ်ကိုတစ်ယောက်လိုအားကိုးပါတယ်"

"အစ်ကိုလိုပဲလား"

"ရှင် ... "

မျိုးမျိုးဇင်မျက်လုံးလေးဝိုင်းသွားသည်။ ပြီးတော့ရှက်ရွံ့စွာခေါင်းကို ငုံ့လိုက်၏။

"ကိုယ်မျိုးကိုတစ်သက်လုံး စောင့်ရှောက်ခွင့်ပြုပါ"

" ... "

မျိုးမျိုးဇင်ကဘာမှပြန်မဖြေ ရှက်ပြုံးလေးပြုံးလို့သာနေလေတော့သည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ကိုသီဟရဲ့ အကြင်နာမေတ္တာတွေကြားမှာ လွန်စွာကြည်နူးပျော်ရွှင်နေခဲ့ရပါတယ် ... ကိုသီဟရဲ့သူငယ်ချင်းတစ်ယောက်ရှိသည့် ဒီရိုးမတောင်ခြေရွာလေးကိုရောက်လာပြီး ယာကွက်လေးထဲမှာ သီးနှံတွေစိုက်ပျိုးကာဘဝကို ရိုးသားစွာရပ်တည်နေခဲ့တယ်လေ ...

စားနိုင်သောက်နိုင်နေထိုင်ခဲ့တဲ့ဘဝလေးထဲကို သားနဲ့သမီးဝင်လာတော့ ပိုပြီးစိုပြည်သာယာခဲ့ပါတယ် ...

သားလေးအရွယ်လေးရောက်လာတော့ ဆရာတော်ကျောင်းပို့ပြီး ပညာသင်စေပါတယ် သမီးလေးကတော့ကျွန်မနဲ့အတူ အိမ်မှာပဲနေတာပေါ့။

ကံကြမ္မာဆိုးတွေ အမြဲကြုံရတဲ့ကျွန်မအတွက် သာယာမှုဟာအရှည်မခံပါဘူး ...

ရွာမှာခါးပြတိုက်ခံရပြီး နောက်တစ်ရက်မှာ အိမ်ကိုမြို့ဂဝ်ကလုံခြုံရေးဝန်ထမ်းတွေဝိုင်းကာ ကိုသီဟကိုခါးပြတိုက်တဲ့အထဲပါတယ်ဆိုပြီးဖမ်းသွားတော့တာပါပဲ ...

ကျွန်မလည်းကလေးနှစ်ယောက်ကို ဖက်ပြီးငိုတာကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ပါဘူး ...

ရွာကလည်း အသားထဲကလောက်ထွက်တယ်ဆိုပြီး ကျွန်မတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကို ဝိုင်ကြင်ထားတော့တယ်လေ ...

သားအမိသုံးယောက် ဝမ်းရေးကိုခက်ခက်ခဲခဲဖြေရှင်းနေရချိန်မှာ တစ်ရက်ကျွန်မဆီကို သူဌေးဦးငွေတိုးအိမ်မှာအလုပ်လုပ်နေတဲ့ ဒေါ်အေးကြည် ရောက်လာပြီး ...

"မျိုးမျိုးဇင်နင်သူဌေးအိမ်မှာ အလုပ်လုပ်မလား စားဖို့သောက်ဖို့လည်း ရမယ်၊ ပိုက်ဆံလည်းရမယ်"

ပြောတော့ကျွန်မလုံးဝမငြင်းဘဲ လက်ခံခဲ့တယ်။ သူဌေးအိမ်မှာအလုပ် လုပ်ရတာကနည်းနည်း သူဌေးကိုပြုစုရတာကများလို့နေသည်။

သူဌေးရဲ့အကြည့်တွေကို မကြိုက်ပေမယ့်မိသားစု စားဝတ်နေရေး အတွက် မသိဟန်ဆောင်ခဲ့တယ် ... အကြောင်းမဲ့ ကျွန်မအပေါ်ရက်ရောလွန်းတဲ့ သူဌေးဟာ တစ်နေ့သူ့အိမ်မှာဘယ်သူမှမရှိတုန်း ကျွန်မကိုစော်ကားဖို့ကြံတယ် လေ ...

ကျွန်မလည်းရှိသမျှ အင်အားတွေနဲ့ရုန်းကန်ရင်းအိမ်ကိုပြန်ပြေးလာ တယ်၊ အဲဒီအချိန်ကစလို့ ကျွန်မသူဌေးအိမ်ကိုမသွားတော့ပါဘူး။

ကျွန်မတို့မှာရှိတဲ့ ယာကွက်လေးကိုပဲမြေပေါက် မျိုးစေ့ကြဲစိုက်ပျိုးခဲ့ တယ် ...

တစ်ညမှာ ...

ကျွန်မအိပ်ပျော်နေတုန်း ကျွန်မရဲ့ကိုယ်ပေါ်ကိုအရိပ်မည်းကြီးပိကျလာ တယ်၊ ကျွန်မရုန်းကန်ရင်းအော်ဖို့ကြိုးစားတော့ ကျွန်မလည်ပင်းကိုညှစ်ဖို့ကြိုး စားတော့တာပဲ ...

ကျွန်မလည်း တဖြည်းဖြည်းအသက်ရှူရကျပ်လာပြီး မျက်လုံးတွေ ပြာလာတယ်၊ အဲဒီနောက်မှာ လုံးဝမှောင်ကျသွားပြီး လေဟာနယ်တစ်ခုထဲကို ရောက်လို့သွားပါတော့တယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ဆရာစက္ကူဒီပက လည်ချောင်းသွေးကို
ယူမည်ဆိုကာ ဂီတာမန်းမှုတ်ထားသည့်
ဓားကိုကိုင်၍ရှေ့သို့တိုးလာပြီး
ခေါင်းကိုမော့လျက် ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

## ဆာလှလိုတဲ့သည်ချောင်းဒွေး

"ခင်ဗျားတို့ ဘာလို့ကျွန်တော်တို့မောင်နှမကိုဖမ်းလာတာလဲ လွှတ်ပေး ပါ"

သူ့ဒွေးခြံအနောက်ဘက်ထဲမှာ အုန်းငှက်ပျောပွဲ ငါးပွဲခန့်ကိုစီ၍ငါးစင် ပေါ်တွင်တင်၍ထားပြီး ထိုပွဲများရှေ့၌ ဖယောင်းတိုင်များကိုစီ၍ထွန်းထားသည်။

မြေပြင်မှာတော့ တိုင်နှစ်တိုင်ကိုထောင်ထားပြီး တစ်တိုင်စီတွင် သားထူး နှင့် ဝေဖင်တို့ကိုတုပ်နှောင်လို့ထားသည်။ ဆရာစက္ကဒီပက အုန်းပွဲများရှေ့မှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ပါးစပ်ကဂါထာမန်းမှုတ်နေသည်။

သားထူးနှင့်ဝေဖင်ကိုချီထားသည့် တိုင်ဘေးမလှမ်းမကမ်းမှာတော့ သူ့ဒွေးဦးငွေတိုးနှင့် သူ့တပည့်များကမတ်တတ်ရပ်နေကြသည်။

"ကိုကို ... ညီမလေးတို့ကို ဘာလုပ်မလို့လဲ ဟင်၊ ဟီး ... ဟီး"

ဝေဖင်လေးက သူ့အစ်ကိုကိုလှမ်းမေးလိုက်ရာ သားထူးက

"မငိုနဲ့ညီမလေး ဘာမှမလုပ်ပါဘူး မကြောက်နဲ့နော်"

"ဟီး ... ဟီး ... "



www.burmeseclassic.com

www.burmeseclassic.com



ဝေဇင်လေးကတော့ ကလေးပီပီကြောက်ကြောက်နှင့်ငိုနေသည်။ ညည်းကလည်းတဖြည်းဖြည်းနှင့်နက်လို့လာ၏။

ထိုစဉ် ...

သူမငှားဦးငွေတိုး၏တပည့်တစ်ယောက်က လင်ဗန်းထဲထည့်ထားသည့် ဓားတိုတစ်ချောင်းကိုယူလာကာ ဆရာစက္ကဒီပအား ရိုသေစွာပေးလိုက်သည်။

ဆရာစက္ကဒီပက လင်ဗန်းကိုကိုင်၍ဓားကိုကြည့်ကာမန်းမှုတ်ပြန်သည်။

အတန်ကြာတော့ . . . လင်ဗန်းကိုပွဲရှေ့တင်လျက် ဓားကိုကိုင်ကာ ...

"သရဲတစ္ဆေနာနာဘာဝ နင်လာဖို့နင်သွေးသားရဲ့လည်ချောင်းသွေးကိုဖောက်မယ်၊ ပြီးရင် ပွဲကိုလောင်းရင်နင်းခံနိုင်မလားကြည့်ကြတာပေါ့"

ဆရာစက္ကဒီပက အလွန်မာန်ပါသည့်အသံဖြင့် ဓားကိုကြည့်၍ ပြောလိုက်ရာ ... ဝေဇင်လေးက

"ကိုကို ... လုပ်ပါဦး ဟီး ဟီး"

"မငိုပါနဲ့ ညီမလေးရယ် ... မငိုနဲ့နော် ... ညီမလေးဘာမှမဖြစ်စေရဘူး"

"ဟေ့လူတွေ ခင်ဗျားတို့သတ်ချင်ရင် ကျွန်တော့်ကိုသတ်၊ ကျွန်တော့် ညီမလေးကိုမသတ်ပါနဲ့ဗျာ ... တောင်းပန်ပါတယ်"

သားထွေးက ငိုလည်းငိုပြောလည်းပြောရာ ဆရာစက္ကဒီပက ...

"ဟား ... ဟား ... ကြိုက်သွားပြီ၊ မင်းတို့အမေသရဲမက မင်းတို့အခုလိုဖြစ်နေတာကိုမြင်ရင် ကျိန်းသေလာမှာ ကောင်းတယ် ငိုကြစမ်း ငိုကြ"

"ခင်ဗျား ... တမလွန်ရောက်နေတဲ့ကျွန်တော့်အမေကိုနှိပ်စက်စရာ မလိုဘူး မကျေနပ်ရင်ကျွန်တော့်ကိုသတ် ... "

"သတ်မှာမဟုတ်ဘူး မင်းတို့မောင်နှမလည်ချောင်းသွေးကိုယူမှာ ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာစက္ကဒီပက ခေါင်းကိုကိုင်လျက် သားထူးရှေ့သို့တဖြည်းဖြည်းတိုး လိုလာသည်။

"ကိုကို ..."

ဝေဖင်က ငယ်သံပါအောင်လှမ်းအော်လိုက်သည်။ ဆရာစက္ကဒီပက သားထူးဆံပင်ကိုဆွဲ၍ ခေါင်းကိုလှန်လိုက်ရာ ...

"ဒုတ်"

"အား"

ကြီးမားသောပေါက်တူးကြီးက ဆရာစက္ကဒီပရဲ့ကိုယ်ကိုမှန်ကာ မြေပြင် ပေါ်ပစ်လဲသွားသည်။

သားထူးကြည့်လိုက်တော့ သုဘရာဇာကြီးနှင့်ကပ္ပိယကြီး ...

သူ့ဘေးနှင့်သူ့လူများကကြောင်၍ကြည့်နေစဉ် ကပ္ပိယကြီးက အုန်းငုတ် မျှော့ပွဲတိုကို ပါလာသည့် ဝါးရင်းတုတ်ဖြင့်ရိုက်ချလိုက်သည်။

ဖယောင်းတိုင်များလည်းလဲကာ ဝါးစင်တစ်ခုလုံးမီးဟုန်းဟုန်းတောက် လို့နေသည်။

သုဘရာဇာကြီးက သားထူးနှင့်ဝေဖင်ကိုကြိုးဖြည်ပေးပြီး ...

"သားနဲ့သမီးလွတ်ရာမှာသွားနေ"

ပြော၍ သူ့ပေါက်တူးကိုကောက်ကိုင်လိုက်ပြီးဆရာ စက္ကဒီပပေါ်မိုးလျှက်–

"ဘာဆရာလဲ လူမမယ်ကလေးတွေကို သတ်ဖို့လုပ်တဲ့ကောင်"

"မ ... မလုပ်ပါနဲ့"

ဆရာစက္ကဒီပက သုဘရာဇာကြီးကိုတောင်းပန်လိုက်စဉ် သူ့ဘေးဦးဇွေတိုး က သူ့တပည့်များအား ...

"ဟေ့ကောင်တွေ ဘာလုပ်နေတာလဲ တို့အလုပ်ကိုလာနှောင့်ယှက်တဲ့ သုဘရာဇာနဲ့ ကပ္ပိယကိုရှင်းကြ ... "

ပြောလိုက်ရာ ကပ္ပိယကြီးက ဝါးရင်းတုတ်ကြီးကိုချိန်ရွယ်ကာ ...

"သေချင်တဲ့ကောင် ရှေ့ကိုတိုးခဲ့ ကပ္ပိယအကြောင်းသိတယ်နော်၊ ဖဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်းတုတ်ငတိုးဆိုတာ မင်းတို့မေ့နေပြီလား"

သူဌေးငွေတိုးတပည့်တွေတွန့်သွားကြသည်။ ကပွိယကြီးဦးတိုးမှာ တစ်ချိန်ကဒီနယ်တကြောမှာ ဝါးရင်းတုတ်ငတိုးဆိုပြီး ကျော်ကြားတဲ့လူမိုက်ကြီး ဖြစ်၏။

"ဟိတ် ရဲ ... တစ်ယောက်မှမလှုပ်နဲ့"

"ဟင် ... "

"ဟာ"

ခြံထဲသို့ မြို့မှလုံခြုံရေးဝန်းထမ်းများဝင်လာကာ သူဌေးဦးငွေတိုးနှင့် တပည့်များကိုဖမ်းလိုက်ကြသည်။

လုံခြုံရေးအရာရှိက ...

"သူဘာရာဇာကြီးကြိုပြောထားလို့ ကျုပ်တို့လာခဲ့တာလမ်းမှာခရီးဖင့်နေ တာနဲ့နောက်ကျသွားတယ်"

"ရပါတယ်ဗျာ ဒီလူတွေကိုကျုပ်တို့လက်နဲ့ရှင်းချင်တာ"

"ဘယ်ဟုတ်မလဲဗျာ ... ဥပဒေအတိုင်းပေါ့ဦးငွေတိုးက ဒီရွာမှာသူဌေး လုပ်ပြီး နောက်ကွယ်မှာတပည့်တွေကို ဓားပြတိုက်ခိုင်းတယ် ...

လူသတ်တယ် မဟုတ်တဲ့လူကိုချောက်တွန်းတယ်၊ အဆိုးဆုံးက ဒီရွာက မျိုးမျိုးဖင်ကိုမတော်မတရာပြုဖို့ကြံပြီး မအောင်မြင်တော့ သတ်လိုက်တာပဲ၊ ကျုပ်တို့လည်း အမှုကိုသေချာအောင်စုံစမ်းရင်း လက်မှုလက်ကြပ်မိမှ ဖမ်းလိုက် တာပဲ ဘာပြောချင်လဲ ဦးငွေတိုး"

"ဘာမှမပြောတော့ပါဘူး"

သူဌေးဦးငွေတိုးက ခေါင်းကိုငုံ့လျက်လေသံတိုးတိုးနှင့်ဖြေလိုက်သည်။

လုံခြုံရေးအရာရှိကဆက်၍ ...

"ဒီရွာဓားပြတိုက်မှုမှာ ဦးငွေတိုးချောက်တွန်းလို့ခံလိုက်ရတဲ့လူရှိတယ် ဆဲ ကိုသီဟလာပါဦးဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် … မှောင်ရိပ်ထဲမှလူတစ်ယောက်ထွက်လို့လာသည်။

"ဖေဖေ"

"သား …"

"သမီး …"

သားထူးနှင့်ဝေဖင်တို့က သူ့ဖခင်ကိုပြေးဖက်ကြသည်။

"ဖေဖေ … သမီးတို့ဆီပြန်လာတာပေါ့နော်"

"ဟုတ်ပါတယ် သမီးနဲ့သားရယ်"

"မေမေကတော့ မရှိတော့ဘူး ဖေဖေ … မေမေဆုံးပြီးပြိတ္တာမကြီး ဖြစ်နေတယ် ဟီး ဟီး"

ကိုသီဟလည်း ကလေးနှစ်ယောက်ကိုပြန်ဖက်ကာ မျက်ရည်များကျ လာသည်။

"မေမေ ပြိတ္တာမကြီးမေမေ ကျွတ်လွတ်အောင် သားကို ကိုရင်ဝတ်ချင် တယ်ဖေဖေရယ်"

"ဝတ်ရမှာပေါ့ သားရယ်၊ ဖေဖေ့မှာ မင်းတို့ဒေါ်ဒေါ်တွေပေးလိုက်တဲ့ ငွေတွေအများကြီးပါလာတယ် … ဒီရွာမှာ အကြီးကျယ်ဆုံးအလှူလုပ်မယ်"

"ဖေဖေ …"

ဝေဖင်က သူ့ဖခင်ကိုခေါ်လိုက်သည်။

"ပြောလေသမီး …"

"မေမေ့ကိုအမျှဝေပေးလိုက်ပါ …"

"အေးပါ … သမီးရယ် …"

သုဘရာဇာကြီးနှင့် ကပ္ပိယကြီးတို့ကတော့ စိတ်မကောင်းကာ ခေါင်းကို ရမ်းလျှက် … ကိုသီဟတို့သားအဖရှေ့မှထွက်သွားလေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

သင်္ကန်းပိုက်သူမရှိသည့် ရှင်ပြုပွဲမှာ
မောင်ရှင်လောင်းအဖေရဲ့ရင်ထဲမှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

## သပိတ်ကိုင်မပါတဲ့ ရှင်လောင်းပွဲ

"ဖေဖေကသပိတ်လွယ်ပြီး သင်္ကန်းပိုက်တယ်နော် ဘာလို့လဲဟင်"

သားထူးကမြင်းပေါ်ရှင်လောင်းဝတ်စုံနှင့် ကျူနုလှပစွာစီးလျက်သွားစဉ် ရှေ့ကကိုသီဟက သပိတ်ကိုတစ်ဘက်ကလွယ်တစ်ဘက် သင်္ကန်းတောင်းကိုပိုက်ထားတာကိုကြည့်ပြီး ဝေဇင်လေးကမေးလိုက်သည်။

ကိုသီဟရင်ထဲမကောင်း ရင်ထဲမှာတော့ ...

"သင်္ကန်းပိုက်ရမှာ မေမေပေါ့ကွယ်၊ သမီးမေမေမရှိတော့ ... "

ဆိုနင့်စွာ သမီးလေးကိုဖြေမိသည်။

အခုတော့ ...

ဒီရွာလေးမှာ သူကြီးကအသစ် ဦးတင်စန်းတဲ့ လူငယ်ပါပဲ၊ အရင်သူကြီးကတော့ သူဌေးဦးငွေတိုးရဲ့ကြေရာပါဆိုတော့ နှစ်ယောက်အတူ ထောင်စံနန်းကိုသွားကြပြီလေ ...

နောင်တများစွာနှင့်ယောဂီမကြီးဒေါ်ပုမက ရှေ့ဆုံးမှကန်တော့ပွဲကြီးကိုရွက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်က ရှင်လောင်းအဖေက သပိတ်လွယ်သက်နန်းကိုပိုက်ထားသည်။

အဲဒီနောက်မှာ ရှင်လောင်းကမြင်းကိုစီး ရွှေထီးကိုမိုးလို့ထားသည်။ နောက်ပိုင်းမှာ ရွာကကွမ်းတောင်ပန်းတောင်ကိုင်တွေ ...

အထူးခြားဆုံးက အားလုံးရဲ့ရှေ့ဆုံးမှာ ဖလားထဲမှငွေများကိုကြဲတာက သုဘရာဇာဦးမဲကြီးပင်ဖြစ်သည်။ သူက ပုဆိုးအပြာကွက်ကျဲကြီးနှင့် လည်ကတုံး အင်္ကျီအဖြူကို ဘယ်လိုမှကြည့်မကောင်းအောင်ဝတ်ထားသည်။

သူပိုက်ဆံကြဲတိုင်း ကလေးတွေကပိုင်းလုတာကို သဘောအကျကြီးကျ နေသည်။

အားလုံးရဲ့နောက်ဆုံးမှာ ရွာမှဒိုးပတ်ဝိုင်းကမြူးဆိုင်စွာတီးမှုတ်ကခုန် လို့နေ၏။

အလှူရက်ကိုသုံးရက်လုပ်ကာ တစ်ရွာလုံးမီးခိုးတိတ်ကိုလှူတာ ...

ကိုသိဟက သားကို သင်္ကန်းစီးပေးသလို ရွာထိပ်ကိုးတောင်ပြည့်စေတီ အား ထီးတော်အသစ်နှင့်ရွှေသင်္ကန်းကပ်လှူသည်။ အလှူအစ်မ မပါသည့်အလှူ ဆိုတော့ အားလုံးကစိတ်မကောင်းကြ ...

ရှင်လောင်းလှည့်လာတာ ရွာကိုတစ်ပတ်ပတ်ပြီး ဘုန်းကြီးကျောင်းကို ဝင်မည်အပြု ကျောင်းအဝသြောင်ပင်ကိုကြည့်၍ မောင်ရှင်လောင်းက ...

"မေမေ ... "

"ဟင် ... "

"ဟာ ... "

"အမလေး ... "

အားရပါးရ ခေါ်ဆိုလိုက်တာကြောင့် အားလုံးရဲ့အကြည့်တွေက ညောင်ပင်ကြီးဆီသို့ရောက်သွားပြီး လန့်ဖျန့်သွားသည်။ ဝေဖင်လေးကလည်း

"မေမေ ... "

"မျိုး ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟာလည်း ဘယ်လိုမှထင်မထားတောကြောင့် ပါးစပ်လှုတ်ခနဲထွက်သွားသည်။

"သရဲမပေါ့ ... ပြေး ... ပြေး"

ရှင်လောင်းလှည့်လာသူတွေ ပြေးသူပြေး လဲသူလဲနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။ မောင်ရဲင်လောင်း သားထူးကမြင်းပေါ်မှခုန်ချကာ သားအဖ သုံးယောက်ညောင်ပင်ကြီးဆီသို့ပြေးသွားကြလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

"မေမေ ... မေမေ့ကို သမီးတွေ့လိုက်တယ်၊ ခု ဘယ်ရောက်သွားပြီလဲ"

ဝေဖင်လေးမေးတာကို ကိုသီဟ ဘယ်လိုအဖြေပေးရမှန်းမသိ။ သားအဖသုံးယောက် ညောင်ပင်အောက်ပတ်လည်ကိုရှာသော်လည်း မတွေ့ရ။

သားထူးနှင့်ဝေဖင်က ...

"မေမေ ..."

"မေမေ ဘယ်ရောက်သွားပြီလဲ"

"မေမေ သားသက်နိုးစီးတော့မယ်လေ"

ကလေးနှစ်ယောက်ရဲ့ ပါးပြင်ပေါ်တွင် မျက်ရည်များထွေကာကျလို့လာသည်။ ကိုသီဟရဲ့ မျက်လုံးထဲမှာ မျက်ရည်တို့ဝေ့ကာ သူ့သားနဲ့သမီးပခုံးကိုဖက်ထားသည်။

ဘယ်တော့မှပြန်မရနိုင်တော့တဲ့ ဆုံးရှုံးမှု၊ လွန်စွာမြတ်နိုးခဲ့ရတဲ့ဇနီးတာဝန်ကျေလွန်းတဲ့ ကလေးတို့ရဲ့ မိခင် ... ခုတော့ ...

"ဖေဖေ မေမေ့ကို သမီးတို့ တကယ်တွေ့ရတာမဟုတ်ဘူးပေါ့နော်"

ငိုသံစွက်၍ပြောသည့် သမီးလေးအား ကိုသီဟက သက်ပြင်းကိုချကာ—

www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုမေမေက ဖေဖေတို့ဆီ ဘယ်တော့မှ လာနိုင်တော့မှာမဟုတ်ဘူးသမီးရယ်"

စိုးနှင့်စွာပြောလိုက်သည်။

မောင်ရင်လောင်း သားထူးနှင့် ဝေဖင်လေးတို့က လက်အုပ်လေးတွေချီ၍ ဒူးထောက်ကာထိုင်ချပြီး သူ့မေမေအရိပ်တွေ့ရာကို ရည်မှန်းကာ ရှိခိုးလိုက်ကြသည်။ ထိုစဉ် ...

"ဟင့် ... "

"ဟင် ... "

ရှိုက်သံတစ်ခု ပီပြင်စွာထွက်ပေါ်လို့လာသည်။

"မေမေ ဘယ်မှာလဲ ... မေမေ"

ကလေးနှစ်ယောက်က ကိုယ်တစ်ပတ်လည်ကာ ရှာနေစဉ် ...

"ဒကာတို့ ကျောင်းကိုလာကြလေ၊ မောင်ရင်လောင်းကိုလည်း ဆံချပေးရဦးမယ်မလား၊ သမုဒယအစွဲနဲ့ မကျွတ်နိုင်သေးတဲ့ သွားလေသူ ဒကာမကို အမျှပေးဝေလိုက်ရအောင် လာကြ လာကြ ... "

BURMESE CLASSIC

ဆရာတော်က မိန့်လိုက်တော့ သားအဖသုံးယောက်လည်း ဆရာတော်နောက်မှလိုက်၍လာခဲ့တော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ကိုရင်လေး ကိုရင်လေးရဲ့ ဒကာမကြီးကို ရည်မှန်းပြီး ရေစက်ချအမျှဝေလိုက်ကြရအောင်၊ ပရိသတ်အားလုံးလည်း သာဓုခေါ်လိုက်ကြပါ"

ဆရာတော်ကမိန့်တော့ ရှေ့ခက်ကိုင်ထားသည့် ကိုရင်လေးလက်တွေ တဆတ်ဆတ်တုန်လို့နေသည်။ ဝေဖင်ခလေးရဲ့ ပါးပေါ်မှာ မျက်ရည်တွေ စီးကျလို့ ... ကိုရင်လေးက အသံတုန်တုန်နှင့် ...

BURMESE CLASSIC

"ဒကာမကြီး သား ကိုရင်ဖြစ်သွားပါပြီ၊ သား ကိုရင်ဖြစ်ခွင့်ရအောင် ကျွေးမွေးပေးတဲ့ ဒကာမကြီးကို သား အမျှဝေပေးမယ်နော်၊ ဒကာမကြီး သာဓုခေါ်ပြီး ကောင်းရာမွန်ရာဘုံဘဝကိုသွားပါလို့ "

ပြောလေရာ ပရိသတ်အားလုံး မျက်ရည်တွေစို့ကာလာလေ၏ ကိုသီဟက ...

"ကိုရင်လေး"

"ဒကာကြီး"

"ကိုရင်လေး မေမေကို အမျှဝေလိုက်ပါတော့"

ဝေဖင်လေးက သူ့ဖေဖေလက်မောင်းကို တင်းကျပ်စွာ သူ့လက်လေးဖြင့် ဆုပ်ကိုင်ထားသည်။ ကိုရင်လေးက ...

---

ရွှေရင်ငြိမ်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“မေမေနဲ့တကွ အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ”

“သာဓု သာဓု သာဓု”

“မေမေနဲ့တကွ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ”

“သာဓု သာဓု သာဓု”

“မေမေနဲ့တကွ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ”

ကိုရင်ရဲ့ တိမ်ဝင်သွားသောအသံနှင့်အတူ ပီပြင်စွာကြားလိုက်ရသည့် အသံကတော့ ...

“ဟင့် ဟင့် ဟင့်”

ရှိုက်သံတစ်ခုက ဘုန်းကြီးကျောင်းနှင့်ဝေးသည်ထက်ဝေးကာ သွားလေတော့သည်။

ပြီးပါပြီ။

အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ်၊ အစဉ်ပဲကြိုးစားတဲ့

စာရေးတဲ့

ကန်လေးရိုးက

ဖွားသောက်ကြီး

တယ်လီဖုန်းဖြင့် ဝေဖန် မိတ်ဆက်အကြံပြုသူများ

မျှော်လင့်လျက်

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉

ရိုးရှင်းအောင်စာပေ

www.burmeseclassic.com